www.burmeseclassic.com



www.burmeseclassic.com

# သန်းမြင့်ဦး

## အချစ်ဘဝနှင့်ငွေကြေးဆိုင်ရာ
## နည်းဗျူဟာများ

The Magic Power of
Emotional Appeal
by Roy Garn

www.burmeseclassic.com

# မာတိကာ


| | |
|---|---|
| အခန်း(၁) | လူ၏ရင်တွင်းလှုပ်ရှားမှုကိုသိမှသာ |
| အခန်း(၂) | လူကိုဆွဲဆောင်ရာတွင် စကားလုံးတို့ အရေးကြီးနေခြင်း |
| အခန်း(၃) | လူတစ်ဖက်သား၏ ရင်တွင်းလှုပ်ရှားမှုကိုချိန်ပစ်ရခြင်း |
| အခန်း(၄) | တစ်ဖက်လူ၏စိတ်တွင်ရှိနေသော အကြောင်းကို သိအောင်ကြိုးစားခြင်း |
| အခန်း(၅) | သူ့စိတ်ကို ဖောက်ဝင်နိုင်သောစကားကို ဆိုရခြင်း |
| အခန်း(၆) | တူညီတဲ့ သဘာဝရှိသော်လည်း ကွာခြားတဲ့ ခံစားချက်ကိုပြနေခြင်း |
| အခန်း(၇) | မ. . . ၏ ဆွဲဆောင်သောနည်းလမ်း |
| အခန်း(၈) | ဆရာဝန်၏ ဆွဲဆောင်စကား |
| အခန်း(၉) | ငွေအတွက်ပူပန်နေသော အကြောင်းကို ဦးခေါင်းထဲက ဖယ်ရှားနည်း |
| အခန်း(၁၀) | ဆန့်ကျင်ဘက်ချစ်သူကို ဆွဲဆောင်စေနည်း |
| အခန်း(၁၁) | လူကြိုက်များအောင်လုပ်ရာစိတ်အချရဆုံး ဆွဲဆောင်နည်း |
| အခန်း(၁၂) | အကောင်းနှင့်အဆိုးကို တစ်ပြိုင်နက်လှည့်စားနိုင်သော စိတ်လှုပ်ရှားမှု |

www.burmeseclassic.com

# မူရင်းစာရေးသူ၏အမှာစကား

ယခုသည် THE MAGIC POWER OF EMOTIONAL APPEAL စိတ်လှုပ်ရှားမှုကို ဆွဲဆောင်နိုင်သော ပဉ္စလက် သတ္တိစွမ်းများစာအုပ်အား ပြုစုနိုင်ဖို့အလို့ငှာ နှစ်အားဖြင့် ၁၇ နှစ်သာသာပင် အချိန်ယူလိုက်ရသည်။ အကြောင်းမှာလူများတကာ၏ ဆက်ဆံကူးလူးမှုနည်းစနစ်များအား ရင်းမြစ်ကျကျ သိချင်လို၍ပါပင်. . .။

စာရေးသူထံသို့ သူတို့၏ ကိုယ်ပိုင်ပြဿနာအကြောင်းတွေနှင့် အတူလူပေါင်း ရာချီခန့်. . . စာရေးသူ ကျမ်းပြုစုနေစဉ်အတွင်း ရောက်ရှိလာကြသည်၊ ထို့ပြင် စာပို့၍ တင်ပြသူ. . . ဖုန်းပြော၍ မေးမြန်းသူ. . . ပြီးတော့ လူတွေကား စကားပြော ကျွမ်းကျင်နိုင်ရေးအတွက်. . . ကျောင်းသင်ခန်းစာ ပြေလည်ရေးအတွက် အကူအညီတောင်းကြသူတွေလည်း မနည်းလှ. . .။

ပြဿနာဆိုသည်မှာလည်း အခြားမဟုတ်ပြီ၊ လူ လူချင်း

www.burmeseclassic.com

**သန်းမြင့်ဦး**

ဆက်ဆံကြသည့်အကြားတွင် ခေါင်းမာစွာ ပေါ်ပေါက်လာမြဲရှိသော ပြဿနာများပါပင်၊ လူ လူချင်း ဆက်ဆံရေး၌ ရံဖန်များစွာ ကြေညက်ခဲလှသော ဖုထုံးအဆိုင်အခဲများ ပေါ်ပေါက်စမြဲ ရှိတတ်သည်။

ထိုအရာများကို စာရေးသူဘက်မှ လွယ်ကူသွားစေအောင် ဖော်နည်းကား ရှာဖွေပေးရခြင်းပါပဲ။

လူပေါင်းနှစ်သောင်းခြောက်ထောင်ကျော်တို့သည် နည်းစနစ်တစ်ရပ်တည်းနှင့် ပြဿနာတိုင်းကို ဖြေရှင်းလို့ရနိုင်ခြင်း အပေါ်တွင် စိတ်ဝင်စားနေမည်မှာ ဓမ္မတာ၊ အထူးသဖြင့် ဥံဖွမန်းမှုတ်၍ မဟုတ်တောင်မှပင် ထိရောက်နိုင်သော စကားလုံး၊ လှုပ်ရှားပြနိုင်သော ကိုယ်အကြောင်းတို့နှင့်ပင် ပြေလည်သွားလိုစမြဲ။ အိမ်တွင်ဖြစ်စေ၊ အလုပ်ခွင်တွင်ဖြစ်စေ၊ အိမ်ထောင်ဘဝတွင်ဖြစ်စေ၊ အရောင်းအဝယ်နှင့် စီးပွားရေးကိစ္စများတွင်ဖြစ်စေ၊ လူပုံအလယ်စကားပြောရာတွင်ဖြစ်စေ၊ ကြော်ငြာကိစ္စတွင်ဖြစ်စေ၊ လူထုဆက်သွယ်ရေးဆိုင်ရာကိစ္စများအကြားတွင်ဖြစ်စေ၊ ထိရောက်စွာပြောဆိုဆက်ဆံအောင်မြင်နိုင်ခြင်းနှင့် ပြေလည်နိုင်ခြင်းတို့အပေါ် စိတ်ဝင်စားမည်မှာ နိယာမ တရားပင်။

ထိုနည်းလမ်းကား မရှိမဟုတ်ရှိနေပါသည်။ စိတ်လှုပ်ရှားမှုကို ဆွဲဆောင်နိုင်သည့် နည်းစနစ်ဖြင့် ရယူခြင်းပါတည်း။

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

စိတ်လှုပ်ရှားမှုကို ဆွဲဆောင်နိုင်သည့် နည်းပညာဆိုသည်ကား အဘယ်နည်း။ စိတ် လှုပ်ရှားမှုကို ဆွဲဆောင်နိုင်သည့် နည်းပညာဆိုသည်မှာ လူတစ်ဖက်သားကို သင်ဖြစ်စေချင်သလို ဖြစ်စေနိုင်ခြင်းနှင့်အတူ နားထောင်စေလိုလျှင် နားထောင်စေနိုင်ခြင်းပင် ဖြစ်တော့သည်။

ထိုနည်းလမ်း စနစ်သည် မိမိ၏ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ရာတွင်ကော၊ ပျော်ရွှင်ရေးတွင်ပါ အလွန်တရာမှ အရေးကြီးသည့်ဘက်က ပါဝင်ဆက်စပ်နေသည်။ ထိုနည်းစနစ်အား ရယူပိုင်ဆိုင်နေသူသည် မည်သို့သော အရှုပ်အထွေးတွင်ရှိစေ၊ ဖြေရှင်းရမည့်အချက်ကို သိနေလေ့ရှိပြီး မိမိကိုယ်ကို ဘယ်သို့ ထိန်းသိမ်းကာကွယ်ယူထားရမည်ပါ နားလည်သဘောပေါက်နေသည်။ မိမိ၏ စကားလုံးပြောဆိုချက်တစ်ခုတို့သည် ဘယ်သို့သော အစွမ်းထက်လက်နက်ဖြစ်နေတတ်သည်ကို ခန့်မှန်းနိုင်ပြီးသားပင်။

လူတစ်ဖက်သား၏ စိတ်လှုပ်ရှားနိုင်မှုအပေါ် တိုးသဘောပေါက်နိုင်လာလေလေ၊ မိမိစိတ်လှုပ်ရှားမှုကိုလည်း ပိုမိုထိန်းနိုင် လာလေလေ။ ထိုအကြောင်းကပင် ကျန်းမာရေး ကောင်းမွန်စေလာနိုင်မည့်သဘော၊ ဘဝပေါ် ရှုမြင်သုံးသပ်နိုင်မှုနှင့် ဉာဏ်သုံးတတ်နိုင်မှုအပေါ် ပိုမိုရရှိလာစေလာမည့်သဘောပါပဲ။

စိတ်လှုပ်ရှားမှုကို ဆွဲဆောင်နိုင်မည့် ပဉ္စလက်အစွမ်းသတ္တိ

www.burmeseclassic.com



သည် ဌာနနယ်ပယ်တိုင်း၌ အကျုံးဝင်တည်ရှိနေသည်။ နေ့စဉ်ဘဝ လှုပ်ရှားနေထိုင်မှုအကြားမှာ ရာပေါင်းများစွာသော နမူနာ သရုပ်သကန်များဖြင့် မြင်တွေ့နေနိုင်ရသည်။ သို့မို့ကြောင့် လူတွေ၏ ဆက်ဆံမှုအကြောင်းတိုင်း၌ ရှောင်လွှဲမရနိုင် ဖြစ်သောအရာမှာ စိတ်လှုပ်ရှားမှု၏ ဆွဲဆောင်နေခြင်းကို ကွင်းထွက်၍ မရနိုင်ခြင်း ပင်တည်း။

**တစ်ဖက်သားဆီကနားစွင့်ထောင်မှုကို ခံလာရခြင်း။**

လူတစ်ဖက်သားနားစွင့်ချင်လာအောင် ဆွဲဆောင်နိုင်ခြင်းမှာ သင်၏ ကိုယ်ပိုင်အစွမ်းသတ္တိကြောင့်ပင် ဖြစ်သည်။ ထိုသို့ ဆွဲဆောင်နိုင်ခြင်းမှာ တစ်ဖက်သားနားထောင်ချင်အောင် ပြောနိုင်စွမ်းသော ဗဟုသုတပညာရပ်များ သင့်တွင်ရှိနေ၍ မဟုတ်ပြီ၊ တစ်ဖက်လူကို ဆွဲယူရာ၌ ထိုအရည်အချင်းတို့သည် ဘာမျှ မတတ်သာပြီ၊ လူတစ်ဖက်သားကို စိတ်လှုပ်ရှားချင်လာအောင် ဆွဲဆောင်နိုင်မည့် အပြောမျိုး ရှိလာသည့်အခါကျမှသာ လူတစ်ဖက်သား သင်စကားဟူသမျှ နားထောင်နိုင်လာမည်ပါပဲ။

**အင်အားရှိသော အမူအရာ ပိုင်ဆိုင်လာစေခြင်း။**

လူတစ်ဖက်သားနှင့် ဆက်ဆံကူးလာရာ အကြောင်းတိုင်း၌ သင်၏အမူအရာသည်သိပ်ကိုမှပင် အရေးကြီးလွန်းနေသည်။ သင်၌



BURMESE CLASSIC .com

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

တွေဝေထိုင်းမှိုင်းသော သဏ္ဍာန်ဖော်ကျူးချက် ရှိနေခြင်း၊ သို့မဟုတ် တစ်ဖက်သူဘာပြောပြော ဟန်မူရာ တစ်ခုတစ်လေမှ တုံ့ပြန်မှု မပေးခြင်း၊ အထူးသဖြင့် မသာယာမရွှင်ပျသော အမူအရာအသွင်ဆောင်နေခြင်း၊ ထိုအရာများသည် လူတစ်ဖက်သားအား ဆွဲဆောင်စေနိုင်မည်ဟုတ်ပြီ။ ထိုအရာများ ဘယ်သို့ ပျော်ဝင်ပြသနေသည် ဆိုစေဦး၊ ချက်ချင်း စကားလုံးကိုကော၊ အမူအရာကိုပါ သင်ထိန်းသိမ်း ပြနိုင်လိုက်သည်နှင့် သင်ရယူပိုင်ဆိုင်လိုသည့် အရာအပေါ် စိုးမိုးနိုင်သွားရမည်ပါပင်။ ယင်းသို့ ထိန်းသိမ်းနိုင်ခြင်းသည်ပင် ကျန်းမာစေသော အကြောင်းဖြစ်သလို သင့် အပြစ်ဟန်ပန် ပိုအင်အားရှိစေလေသော အကြောင်းပင်။

**မိမိကိုယ်ကို နားလည်သဘောပေါက်ခြင်း။**

မိမိကိုယ်ကို နားလည်သဘောပေါက်နိုင်ခြင်းသည် မိမိ၏ မည်သို့သော လှုပ်ရှားမှုသည် ဘယ်သို့သော အမူအရာ ဖြစ်ပေါ်သွားရသည်ကို အသေအချာသိရှိနေမည်ဖြစ်သည်။ စိတ်လှုပ်ရှားနည်း စနစ်ပိုင်းနှင့်အတူ သင်ထိတွေ့ခွင့် မရသော ရင်ထဲက “ကြေးမုံပြင်၏” ခံစားချက်ကို သင့်ဘာသာ မြင်နိုင်လာလိမ့်မည်ပင်။ ထိုခံစားချက်တွေအပေါ် သင် ဝေခွဲနိုင်လာသောအခါ သင်၏ စကားလုံးများ လှုပ်ရှားမှုများနှင့် တုံ့ပြန်မှုများအပေါ် ကောင်းမွန်နိုင်နင်းစွာ



BURMESE CLASSIC .com

www.burmeseclassic.com



ထိန်းသိမ်းပဲ့ကိုင်နိုင်လာလိမ့်မည်ပင်။ သင်သည် ကြောက်စိတ်ကို ကိုင်တွယ်ရာတွင် နိုင်နင်းလာလိမ့်မည်။ ပူပန်မှုနှင့် စိတ်တွေဝေမှုတို့ကို ရှင်းပျံ့သွားစေ၍ သန့်စင်ရှင်ပျသော အမူအရာများနှင့် တစ်ဖက်သူကို ဆွဲဆောင် သိမ်းသွင်းနိုင်လာလိမ့်မည်။

## ငွေကြေးလှုပ်ရှားမှုကို ခေါင်းထဲက ဖယ်စပ်လိုက်ရခြင်း။

လူတစ်ယောက်သည် စီးပွားရေးနယ်ပယ်တွင် များစွာ ပေါက်မြောက်နေလျက် မိသားစုပေါင်းစည်းကူးလူးမှုတွင် ကျဆုံးနေခြင်းသည် အမှန်တကယ် အောင်မြင်နေသည်ဟု ခေါ်နိုင်ပါမည်လား။ ငွေရှာဖွေမှုပိုင်း အောင်မြင်ခြင်းကို ဘဝပိုင်း အောင်မြင်သည်ဟု ခေါ်ဆိုရန် ခဲယဉ်းပါဘိ။ သို့တိုင် လူများတကာတို့သည် သူတို့အား ထိပ်ဆုံးသို့ ပို့ဆောင်စေမည့် အကြောင်းအရာများထက် ငွေကြေးမရှိမှုအပေါ် ပိုမိုပူပန်နေတတ်ကြ၏။ မိမိတို့အနေနှင့် “ငွေကို ခေါင်းထဲက ဖယ်ရှားပစ်ရမည့် အတွေးနှစ်ခု” ကို လေ့လာသင့်သည်။ ငွေကို သုံးဖြုန်းပစ်နိုင်ဖို့ရှာဖွေနေခြင်းအား စီးပွားရေးရှာဖွေမှုနည်းလမ်းကို ကောင်းမွန်စွာ ရှာဖွေပြီးပြီဟု ခေါ်ဆိုနိုင်ပါမည်တဲ့လား။ သင်သည် ငွေရရှိရေးဘက် အောင်မြင်မှုပေါ်မှာသာ ရှိနေသည့် စိတ်လှုပ်ရှားမှုအား မထိန်းသိမ်းနိုင်သည်ရှိသော် အကြွင်းမဲ့ အောင်မြင်နေသည်ဟု မဆိုနိုင်ပြီ။

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

**သဘောပေါက်နိုင်ခြင်း။**

မိမိရယူလိုချင်သည့် ဆန္ဒမှန်သမျှကို သဘောပေါက်နေဖို့သည် လူသားတိုင်းအဖို့ လိုအပ်မည်ပင်။ သို့သော် လူနည်းစုလောက်မျှသာပဲ သူတို့နှင့်ထိုက်တန်သည့် ခံစားချက်ကို သိရှိ နားလည်ကြသည်။ စိတ်ဆွဲဆောင်မှု ပဉ္စလက်သတ္တိကို ရယူပိုင်ဆိုင်လိုသူတစ်ဦးတစ်ယောက်သည် သူတစ်ပါးအပေါ် နားလည်သဘောပေါက်ဖို့ရာထက် မိမိကိုယ်ကိုသာ ဦးစွာ သဘောပေါက်နေအပ်သည်ပင်။

**အလုပ်အကိုင်အဆင်ချောမွေ့မှုနှင့် သင်၏အနာဂတ်။**

သင်ရှာဖွေသင်ကြားထားသော ပညာဟူသမျှ ဆက်ဆံကူးလူး အသုံးပြုခွင့်မှ မရရှိလျှင် အလုပ်ပညာဖြစ်စေ၊ အသက်မွေးဝမ်းပညာဖြစ်စေ ဘာမျှအသုံးကျမည်မဟုတ်ပြီ။ သင်၏ အောင်မြင်သော ဆက်ဆံကူးလူးမှုဆိုသည်မှ တစ်ဖက်သားတို့၏ ရင်တွင်းသို့ ဝင်ရောက်ပေါက်မြောက်သော အကြောင်းတို့နှင့်သာ ပတ်သက်နေသင့်သည်။ အလုပ်နှင့် ဆက်ဆံရခြင်းသည်လည်း လူများတကာနှင့် ပေါင်းစည်း ကူးလူးရခြင်းပါပင်။ သင်၏ ဆက်သွယ်ကူးလူးမှုပိုင်းကောင်းမွန်လာသည့်အခါ ပျော်ရွှင်လာရသလို အကျိုးအမြတ်ပါ ရရှိလာမည်ပင်။

www.burmeseclassic.com

**သန်းမြင့်ဦး**

## ချစ်စိတ်ကူးယဉ်ဘဝမှ အစပြုခြင်း။

သင့် အိမ်ထောင်ရေးကာလ မဆိုက်ရောက်မီ အချစ်စိတ်ကူးယဉ်အကြောင်း ရှိနေခြင်းသည်လည်း ဆက်ဆံကူးလူးမှု အကြောင်းတစ်ခုပါပဲ။ သို့မို့ကြောင့်ပင် မိန်းမတိုင်းသည် ခင်ပွန်းတစ်ယောက် ရရှိလာဖို့အရေး သူတို့နည်း သူတို့ဟန်တွေဖြင့် လှပအောင် ဆင်ယင်နေထိုင်နေကြသည်။ သူတို့၏ ရင်တွင်းလှုပ်ရှားမှုကို ဆွဲဆောင်နိုင်သော ယောက်ျားသားဖြစ်စေ၊ မိန်းမသားဖြစ်စေ ချစ်စိတ်ကူးယဉ်ဘဝ၌ တစ်ဖက်လူ၏ ရင်တွင်းလှုပ်ရှားလာအောင် ဆွဲဆောင်ခြင်းအတတ်ပညာသည် အတော်ကို အရေးကြီးနေသည်။ ကောင်းသောအကြောင်းဖြစ်စေ၊ ဆိုးသောအကြောင်းဖြစ်စေ အချစ်စိတ်လှုပ်ရှားခြင်းနှင့် ပတ်သက်နေသည်ကြောင့်ပါပဲ။

## အိမ်ထောင်ရေးဘဝ စိတ်မချနိုင်မှု။

ဂွတီးဂွတ ကိစ္စအကြောင်းများသည် အိမ်ထောင်ရေးမှာ ကြီးစွာ အန္တရာယ်ရှိစေတတ်သည်။ သုံးယောက်လောက်တွင် တစ်ဦးခန့် အိမ်ထောင်တည်ပြီးမှ ပျက်ပြားရခြင်း အကြောင်းတို့သည် လိင်ကိစ္စ၊ ငွေကြေးကိစ္စ၊ ယုံကြည်မှုကိစ္စ၊ ဘာသာမတူကိစ္စ စသည်ဖြင့် အတိအကျပြောမရသော အကြောင်းတွေကြား၌ တည်ရှိနေကြသည်။ ထို့ထက် လင်မယား စကားများကွာရှင်းကြရသော အကြောင်းတို့၌

www.burmeseclassic.com

## အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ

အများအားဖြင့် အဓိကအကြောင်းကြီးလို ဖြစ်နေသည်မှာ လင်ကော မယားပါ ဘယ်ကဲ့သို့ တစ်ဦးကိုတစ်ဦး ပြောပြရမည်ကို နားမလည်နိုင်သော အကြောင်းများ၌သာ အဖြစ်များနေကြတော့သည်။ ကောင်းမွန်သော အိမ်ထောင်တစ်ခု ပေါ်ပေါက်လာဖို့ အတွက်ငှာ မွန်မြတ်သော ဆက်ဆံပြောဆိုမှုတို့ လိုအပ်နေသည်ပင် . . . . လင်မယား ကွဲကြရသော အကြောင်းတိုင်း၌ စိတ်လှုပ်ရှားမှုကို ဆွဲဆောင်နိုင်ခြင်း မတတ်စွမ်းသာသောအကြောင်းများ ကြောင့်သာ အဖြစ်များနေကြရ၏။ ကျွမ်းကျင်ပါးနပ်သော အိမ်ထောင်ရှင်တိုင်းသည် တစ်ဦးခံစားချက်ကို တစ်ဦးသိအောင် အမြဲ ကြိုးစားကြည့်နေတတ်ကြစမြဲ. . . ထို့ကြောင့် စိတ်လှုပ်ရှားမှုအား ဆွဲဆောင်နိုင်လေသော အကြောင်းတိုင်းအား မမေ့အပ်. . .။

## လူများတကာ၏ အသိအမှတ်ပြုလေးစားခံရခြင်း။

လူအများတကာ၏ အသိအမှတ်ပြုခံရသော လေးစားခံရသောသူသည် ယင်းအရာများ ကင်းဝေးနေသူထက် ပိုမိုအောင်မြင်မှုရစမြဲ . . . လူတွေက ဘာကြောင့် အသိအမှတ်ပြုနေသလဲ၊ လေးစားနေသလဲ. . . ကြိုက်နှစ်သက်နေသလဲ. . . ဆိုရပါလျှင် ထိုအရာများကား လူများတကာ၏ စိတ်လှုပ်ရှားမှုကို ဆွဲဆောင်နိုင်စွမ်းသော အကြောင်းများနှင့် အရည်အချင်းများ ရှိနေခြင်းကြောင့်သာ ပါပဲ. . .။

www.burmeseclassic.com



## စိတ်လှုပ်ရှားမှုကိုဆွဲဆောင်စေနိုင်သောစကားသံ။

သင်၏အသံသည် ဂီတတူရိယာပစ္စည်းတစ်ခုပမာ ရှိနေသည်။ ထိုအသံကို အသုံးပြုနေသည့်အခါ. . . နားဆင်နေသူအား ပျော်ရွှင်သာယာကြည်မောမှု. . . နာကျင်ဝမ်းနည်းမှု. . . ဖြားယောင်း မိန်းမောမှုစသဖြင့် ပေးနေစမြဲပင်။ များစွာသော စကားပြောဆိုသံတို့သည် သဘာဝအားဖြင့် လှပခြင်းမရှိကြပြီ။ အသံကျယ်လွန်း၊ တိုးလွန်းခြင်းများ ဖြစ်နေကြသည်။ လူများစွာတို့သည် တစ်ဖက်လူ၏ စကားသံကြောင့် မိမိတို့၏ ရင်တွင်းလှုပ်ရှား ဆွဲငြိမှုအကြောင်း ဘယ်သို့လျှင် ဖြစ်ပေါ်ခံစားကြရသည်ကို မေ့နေမိကြသည်။ စကားသံကို ထိန်း၍ အသုံးပြုနေရမည့်အကြောင်းမှာ ဆုံးတစ်သက်တိုင်ရှိနေသည်။ သင်၏ အသံထဲတွင် တစ်ဖက်သား၏ ရင်ကိုလှုပ်ရှားမှုပေးနိုင်သော. . . အာရုံစိုက်စေနိုင်သော သင်၏ လှုပ်ရှားမှုသည် ထိုအရာများ ဖြစ်စေနိုင်သာ အကြောင်းရှိနေမှသာ တစ်ဖက်သားကို ဆွဲငင်နိုင်သောအကြောင်းများ ဖြစ်ပေါ်နေသည်ပင်. . . ။

## ကြောက်ရွံ့ပူပန်တွေဝေခြင်းတို့အပေါ်။

ကြောက်ရွံ့ခြင်း. . ပူပန်ခြင်း. . စိတ်တွေဝေခြင်းစသည်တို့သည် လူသားတွေအား အထောင်အသောင်းမကသော အသွင်များဖြင့် တွယ်ကပ်စေတတ်သည်။ ထိုအရာများ ဖုံးလွှမ်းလိုက်သောအခါ

www.burmeseclassic.com

## အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ

မိမ်တို့၏ ကိုယ်ပိုင်အရည်အသွေးများ ညှိုးမှိန်သွားကြရစမြဲ။ သို့မို့ကြောင့် ထိုအကြောင်းတွေ ပေါ်နေပြီဟု ခံစားမိသည်နှင့် အလျှင်အမြန်ပဲ မောင်းနှင်လွှတ်နိုင်ရမည်. . . ကိုယ်ထဲကသွေး လှုပ်ခုန်မှုသည် အတိတ်ကို စောင်းငဲ့၍ကြည့်သည်ရှိစေ. . . အနာဂတ်ကို ရှုမျှော်မိသည်ဖြစ်စေ ထိုးလှုပ်ပြေးလွှား သွားစမြဲရှိသည်။

## ထိရောက်သောအနားယူမှုရှိခြင်း။

ကောင်းမွန်သော ကျန်းမာမှုတစ်ခုသည် ကောင်းမွန်သော အကျင့်စာရပေါ်တွင်သာ မူတည်လျက်ရှိသည်။ ကောင်းမွန်သည့် ဆေးဝါးမှီဝဲမှုပါရှိအပ်သည်ပင်၊ သို့သော် ကောင်းမွန်သော အနားယူမှုအပိုင်းရှိမနေပါက ဒေါင်ဒေါင်မြည်ကျန်းမာမှု အားရမည်မဟုတ်. . . ဘာကြောင့်ဆို အနားယူမှုသည် စိတ်လှုပ်ရှားမှု နယ်ပယ်နှင့် ဆက်စပ်နေခြင်းကြောင့်ပါပင်. . အနားယူနိုင်ဖို့ လိုပါမည်. . . သင့်ကိုယ်တွင်းနှင့် သင့်ဘာသာဆက်သွယ်မှုသတင်းအမြဲရရှိနေရပါမည်. . . မိဘနှင့်ဆက်ဆံမှု. . . အလုပ်နှင့်ဆက်ဆံမှု. . . ချစ်သူနှင့် ဆက်ဆံမှုတွေမှာ ခံစားချက်ကောင်းမွန်စေလိုပါသလား. . . အိပ်အပျော်မြန်ဆန် စေချင်ပါသလား. . . အကြောအချင်တင်းမာနေမှုမှ ကင်းစင်လိုပါသလား. . . နယူယောက်မြို့မှ ပညာရေးကျောင်းတွင် စိတ်လှုပ်ရှားမှုကို ဆွဲဆောင်စေ

www.burmeseclassic.com



ခြင်းနည်းလမ်းဖြင့် အနားယူမှု အတတ်ပညာနည်းစနစ် ပိုမိုကျယ်ပြန့်အောင် ဖြန့်ဖြူးပေးနေသည်။ သင့်စိတ်၏ လှုပ်ရှားမှုတိုင်းအပေါ်မှာ ငြိမ်းအောင် ချမ်းသာစေလာနိုင်ခြင်းသည် ကောင်းစွာသော အနားယူမှု တစ်ခုပါပင်။

စိတ်လှုပ်ရှားမှုကို ဆွဲဆောင်နိုင်သော မှော်အစွမ်းအားတစ်ခုသည် ကိစ္စတိုင်း၌ အနိုင်ရနေသည်မှာ ကံအခွင့်အလမ်းကြောင့် မဟုတ်ဘဲ ရွေးချယ်မှုကြောင့်သာ ဖြစ်နေရသည်ကို ပြသနေတော့သည်။

အောင်မြင်မှုကိုရှာဖွေရသည်ထက် ဆက်ဆံကူးလူးမှုကို လုပ်ရသည်က ပိုမိုခက်ခဲမှုရှိလှကြောင်း သည်ဘက်ကာလမှ လူသားတွေ သိနေကြပြီအမှန်. . . တစ်ဦးခံစားချက်ကို တစ်ဦးထံ ပို့လွှတ်နိုင်သည့် နည်းစနစ်ပညာ ဖော်နိုင်မှုသည် ယခုထက်ထိမရှိသေး၊ မတွေ့ရသေး. . .။

ထိုနည်းပညာသည် အမှန်တကယ်ပင် အရေးတကြီး လိုအပ်နေချေပြီ။

ထိုနည်းပညာများအား ဤစာအုပ်တွင် တစ်ခုတ်တရပင် ဖော်ပြထားပါ၏။ လက်တွေ့ကျင့်ဆောင်ရမည်ပင်။

ဤစာအုပ် ဖြစ်ပေါ်လာရေးအတွက် များစွာမှ အထောက်အကူပြု အကူအညီပေးခဲ့သော ကိုလန်ဘီယာတက္ကသိုလ် ဆရာ

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

အတတ်သင်သိပ္ပံမှ ပညာရေးပါမောက္ခကြီး Dr မိုဇယ်စီဟီးလ် အား ကျေးဇူးတင်ကြောင်း ဖော်ပြရမည်ဖြစ်ပါ၏။

မည်သို့ရှိစေ. . .

ဤ "စိတ်လှုပ်ရှားမှုကို ဆွဲဆောင်နိုင်သော ပဉ္စလက် သတ္တိစွမ်းများ" ကျမ်းကြီးသည် လူကြီးလူငယ်မရွေးတိုင်းအား ပြင်ဆင်ထားခြင်းမရှိသော မမျှော်လင့်နိုင်စရာများအား ကူးလူးဖြစ်ပေါ်လာစေမည်မှာ မလွဲပါပင်တည်း။

ညွှန့်ကနိုး

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

## လူ၏ရင်တွင်းလှုပ်ရှားမှုကိုသိမှသာ

ကိုယ့်အထက်အရာရှိက ကိုယ့်အပေါ် အစဉ်အမှတ်ရစေအောင်လုပ်ဆောင်ရာတွင်ဖြစ်စေ၊ ကိုယ်ကြိုက်နေသည့် မိန်းကလေးက. . . ကိုယ့်ကို အစဉ်စွဲလမ်းစေအောင်. . . လုပ်ဆောင်ရာတွင်ဖြစ်စေ. . . ကုန်ပစ္စည်းရောင်းရာတွင်. . . ကိုယ့်အတွက် ဖောက်သည်မရှားအောင်. . . လုပ်ရာတွင်ဖြစ်စေ. . . ကိုယ်ရေးသားသည့်စာဖြစ်စေ. . . ကိုယ်ပြောကြားသည့် စကားဖြစ်စေ. . . ပရိသတ်အမှတ်ရ စွဲလမ်းကျန်စေအောင် ပြုလုပ်ရာတွင် ဖြစ်စေ. . . အဆောင်လက်ဖွဲ့နဲ့ အောင်မြင်သွားရသည်မျိုးလည်း ရှိကြသည်။ ကိုယ်ပြောလိုက်သည့် စကားတစ်ခု. . . ကိုယ်ရေးလိုက်သည့် စာတစ်ခုကြောင့်. . . ကိစ္စအထွေထွေ အောင်မြင်သွားရသည်မျိုးပင်. . .။

www.burmeseclassic.com



ထိုသို့ အလွယ်တကူ အဆင်ပြေ ချောမွေ့သွားရသည့် အကြောင်းကို. . . သူကိုယ်နှိုက်ကပင် မသိလိုက်ပါ. . . ထို အကြောင်းမှာ အခြားကြောင့်မဟုတ်ဘဲ. . . "ကိုယ်နှင့်ဆက်ဆံသူ" ၏ ရင်တွင်းလှုပ်ရှားမှုကို. . . ကိုယ့်ဖက်က လှုပ်ရှားမှု ပေးစေနိုင်သောအကြောင်းအရာတစ်ခုကြောင့်ဖြစ်နေသည်ကို ထိုသူ စောကြောမိမည် မဟုတ်ပါ. . .။

လူတိုင်းကိုယ်စီ၌. . ရင်တွင်းလှုပ်ရှားမှု. . တစ်ခုမဟုတ်. . တစ်ခု. . . တစ်မျိုးမဟုတ် တစ်မျိုး အစဉ်ပင် ရှိနေချေသည်။ စာရေးသူသည် စာသင်ခန်းထဲတွင်ရှိနေသော ကျောင်းသားများကို စာအုပ်များပိတ်ခိုင်းလိုက်ပြီး လက်ရှိစဉ်းစားနေသည့် အကြောင်းအရာများကို အမှန်အတိုင်းပြောပြပါဟု. . . မေးခွန်းထုတ်ဖူးသည်။ တစ်ယောက်တစ်ခွန်း ဖြေကြသည့်အထဲတွင်. . . တစ်ဦးမျှပင် ပစ္စက္ခကာလအကြောင်းအရာနှင့် ဆက်စပ်ပတ်သက်နေသည့် ဖြေကြားချက် မပါရှိပြီ။ နယူးယောက်မြို့မှ ဆံပင်နီနီနှင့် ကျောင်းသူလေးတစ်ဦး၏ ဖြေကြားချက်ထဲတွင် သူမသည် ကျောင်းသင်ခန်းစာကို ကြည့်နေရသော်လည်း စိတ်ထဲမပါဘဲဖြစ်နေသည်။ အကြောင်းမှာ သူမသည် အိပ်ရာထစဉ်က အိပ်ခန်းမီးကို မပိတ်မိဘဲရှိနေသည်။ ထိုအကြောင်းအရာကို စာသင်ခန်းထဲထိ ယူဆောင်လာမိရာက လက်ရှိစာတွေကို အာရုံထိထိရောက်ရောက်ထားပြီး ဖတ်မရနိုင်သည့် အခြေအနေကို ကျရောက်နေရခြင်းပါပေ. . .။

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

ထိုကဲ့သို့သော. . ရင်တွင်းလှုပ်ရှားမှုသည် လူတိုင်း ကိုယ်စီ၌ တစ်ခုမဟုတ် တစ်ခုရှိနေတတ်စမြဲပါ။ လူသည် ကြီးကြီး ငယ်ငယ် အရွယ်လတ်လတ်မဟူ "စိတ်စော" နေသော ကိစ္စ တစ်ခုခုသည် ရင်တွင်းလှုပ်ရှားမှု၌ တည်ရှိနေစမြဲပါပင်၊ လိုအပ်နေသော အရာကြောင့် ဖြစ်မည်။ စိတ်ဝင်စားနေသော အရာကြောင့် ဖြစ်မည်။ အခြေအနေဆိုးတို့အပေါ် ရောက်နေသော စိတ်၏ အခြေအနေကြောင့်လည်း ဖြစ်မည်။ ပျော်ရွှင်သော ရင်တွင်းလှုပ်ရှားမှု၊ မျှော်လင့်တမ်းတသော ရင်တွင်းလှုပ်ရှားမှု၊ ကြောက်ရွံ့ပူဆွေးသော ရင်တွင်းလှုပ်ရှားမှု ထိုအရာတို့သည် အခိုက်အတန့်အားဖြင့် နှင်းခဲဖတ်အုပ်ဆိုင်းသလို ပျောက်ဆုံးသည့်နှယ် ရှိနေသော်လည်း အမှတ်ရလာတိုင်း ပြန်ပြန် သတိရစမြဲ။

ထိုအမှတ်အသားသည် ရင်တွင်း လှုပ်ရှားမှုတို့ကြောင့်ပင်၊ အချစ်တို့သည် ပိုမိုတိုးပွားလာသလို၊ အမုန်းတို့သည်လည်း ကျယ်ပြန့်လာတတ်သည်။

အချို့ ရင်တွင်းလှုပ်ရှားမှု ခံစားချက်များ ကြီးမားသူတို့သည် ကိုယ့်နံဘေးမှလူ အခွန်းဆယ်ခွန်းပြောသည့်တိုင် ကိုးခွန်းမျှ မကြားမိသလိုရှိတတ်သည်။ ကိုယ့်နံဘေးကလူက တစ်ခုခုမေးသောအခါ ဘာပြန်ဖြေရမည်မှန်း မသိသည့်နှယ် ကြောင်အမ်းရတတ်သည်။ စင်စစ် ထိုသူသည် နားမထောင်ခြင်းမဟုတ်ဘဲ ကြားလိုက်ရသည်များက ရင်တွင်းလှုပ်ရှားမှုနှင့် ရောနှောသွားသလိုရှိသည်။ ပြောမည်

www.burmeseclassic.com



ဆိုက တစ်ဖက်လူ၏စကားအရာများသည် နားထောင်သူ၏ ရင်တွင်းလှုပ်ရှားမှုကို အားပေးလှုံ့ဆော်နိုင်သော စကားလုံးများ ဖြစ်မနေသောကြောင့်ပါပင်။

စကားပြောကောင်းသူတို့သည်. . . တစ်ဖက်လူ၏ခံစားချက်ကို သိမ်းကြုံးဆွဲငင်နိုင်သော စကားလုံးများကိုသာ. . . ရွေးချယ်၍ ပြောနိုင်စွမ်းကြသူများဖြစ်သည်။ ထိုသူတို့သည် စကားလုံးနည်းနည်းနှင့်ပင်. . . တစ်ဖက်လူ၏ ရင်တွင်းလှုပ်ရှားမှုကို ဖမ်းစားနိုင်သည်။

တစ်ခါက. . . အနောက်နိုင်ငံမှ ပုဂ္ဂိုလ်တစ်ဦးသည်. . . ညဘက်၌ ကားကို တစ်ကိုယ်တည်းမောင်းနှင်လာရာက. . . လူပြတ်နေသော လမ်းတစ်ခုတွင် မီးနီနေသည်နှင့် ကားကို အရှိန်သတ်ရပ်လိုက်သည်။ သည်တဒင်္ဂ. . . သူ့နံဘေးထိုင်ခုံသို့ . . . လူထွားထွားနှင့် တစ်ကိုယ်လုံးမည်းပေနေသော အဝတ်အစားနှင့်လူတစ်ယောက်. . . တံခါးဖွင့်ပြီး ဝင်တိုက်လာသည်ကိုကြုံသည်။ ရုတ်တရက်လှုပ်ရှားသွားမိသည်။ ထိုသူက. . . “ကျွန်တော်ထမင်းမစားရတာကြာပြီ. . . ပိုက်ဆံလေး နည်းနည်းပါးပါးလောက်” ဟု တင်ပြလာသည်။ ကားမောင်းနေသူသည် အိတ်ထဲကပိုက်ဆံကိုနှိုက်ပေးလိုက်က. . . ထိုသူပိုက်ဆံရှိနေသည့် နေရာကိုသိသည်နှင့် အနုကြမ်းစီးတော့မည်ကို တွေးမိသည်။ ထို့ကြောင့် ခေါင်းအေးအေးနှင့် အမြန်စဉ်းစားလိုက်ရာက “ကျုပ်က တာဝန်နဲ့အလုပ် လုပ်နေ

www.burmeseclassic.com



တဲ့လူ ဟိုမှာ မီးစိမ်းနေပြီ” ဟု ဖြေလိုက်သည်နှင့် ထိုသူ အမြန် ပြန်ထွက်သွားသည်ကို တွေ့ရသည်။ “တာဝန်”ဆိုသော စကားလုံး တစ်ခုက. . . ထိုသူကို လန့်သွားစေခြင်းပါပင်. . .။

♦ ♦ ♦

www.burmeseclassic.com

အခန်း (၂)

## လူကိုဆွဲဆောင်ရာတွင်စကားလုံးတို့အရေးကြီးနေခြင်း

တစ်ခါက "ဘက်တီ" ဆိုသော မိန်းကလေးတစ်ဦးရှိသည်။ မိတ်ဆွေအပေါင်းအသင်း လေးယောက်နှင့် အမြဲတစ်တွဲတွဲ. . . ဘက်တီသည် ထိုလေးယောက်ထဲတွင် ကိုယ်လုံးပိန်ကပ်. . အရပ်အမောင်းကလန်ကလား. . . သူတို့တစ်တွေက "ဂျင်းမ်" ကိုပြိုင်ပိုးကြသည်. . .။ ထိုပိုးသည့်ထဲတွင် ဘက်တီမှလွဲ၍ ကျန်လေးယောက်သည် မြင်မြင်ခြင်း ချစ်ခင်စွဲလမ်းမိရသည့် မျက်နှာမျိုး. . . သို့သော် ဖြစ်ချင်လာတော့ "ဂျင်းမ်" ဆိုသည့် ကောင်လေးက ပိန်ကပ်ကပ်. . . ပြားချပ်ချပ်ကောင်မကလေးပေါ် ကိုမှ အရူးအမူးနှင့် စွဲစွဲလမ်းလမ်းဖြစ်သွားရတော့သည်။

အဲဒါဘာကြောင့်လဲ. . အဖြေကရှင်းသည်. . ကောင်လေး၌ စိတ်စောနေသော အကြောင်းကိစ္စတစ်ခု အမြဲရှိနေသည်။ ထိုစိတ်

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

စောမှုကို သိသူတွေအနက် ပိန်ကပ်ကပ် ပြားချပ်ချပ် "ဘက်တီ" သာလျှင် ဖြစ်နေသည်။ ဘက်တီသည် သူမ အလိုရှိသော ကိစ္စကို ဘယ်သောအခါမှ "ဂျင်းမ်" ရှေ့မှာ ဖွင့်မပြော၊ ဂျင်းမ် အလိုရှိနေသောအရာကိုသာ သူမစိတ်ကိုသွင်း၍ သိအောင်ကြိုးစားနေသည်။ အချိန်တိုင်း ကြိုးစားနေရင်း ဂျင်းမ် လက်ခံနိုင်သည့်စကားတွေကိုသာ ရွေးပြောသည်။ ဂျင်းမ် ရင်တွင်းကို လှုပ်ရှားပေးနိုင်ခဲ့သော စကားများသာ ဖြစ်နေသည်။ ထိုအကြောင်းကပင် ကျန်သည့် လေးယောက်ထက် ဘက်တီကို စွဲလမ်းသွားစေခြင်းပါပင်တည်း။

ဘက်တီသည် ရုပ်ရည်ကော ကိုယ်လုံးကိုယ်ဖန်ပါ သူမသူငယ်ချင်းလေးယောက်နှင့် ဘာမျှမဆိုင်အောင် ကွာခြားသည်မှာ မှန်သည်။ သို့သော် ဘက်တီသည် နှုတ်မှုအတတ်ပညာတွင် ကျန်လေးယောက်ထက်ပိုသာနေခြင်း. . .။

ယောကျ်ားသား တစ်ဦးက မိန်းမသားတစ်ဦးကို စကားပြောခြင်း. . . မိန်းမသား တစ်ဦးက ယောကျ်ားသားတစ်ဦးအား စကားဖလှယ်ပြောဆိုခြင်းတို့သည် ရင်ထဲက ခံစားချက်တွေ ကူးလူးဖလှယ်ခြင်းတို့ပင် ဖြစ်သည်။ ထို့အတူ လူသားချင်းပြောဆို ဆက်သွယ် ကူးလူးစေခြင်းတို့သည် စကားလုံး အရာအထောင်တို့၏ နောက်ပါးဝယ် ရင်တွင်းခံစားချက်များ ပျော်ဝင်နေခဲ့သည်။ တစ်ဦးက တစ်ဦးကို ကိုင်တွယ်နိုင်သော စကားလုံးတို့လည်း အရာအထောင်ပါဝင်နေတတ်မြဲ. . .။

www.burmeseclassic.com



သို့မို့ကြောင့်. . .

လူတစ်ယောက်၏လှုပ်ရှားပြောဆိုမှု ဟန်ပန်. . . စကားလုံးရွေးချယ်မှုတို့သည် လွန်စွာမှအရေးကြီးလွန်းလှချေသည်။ ကိုယ့်အမူအရာကို တစ်ဖက်သားကြိုက်နှစ်သက်အောင် ဆွဲဆောင်ယူရသည်ဆိုသည်မှာ သိပ်တော့မလွယ်လှပြီ. . . ကိုယ့်အသံနှင့်စကားလုံးကို ဖမ်းစားနိုင်ဖို့ဆိုသည်မှာ သာ၍ပင်မလွယ်. . .။ သို့စေကာမူ. . . လေ့ကျင့်လုပ်ဆောင်၍ ရနိုင်သောအရာများသာ ဖြစ်မည်။ ဥပမာ ဒွေးတို့ လွင်မိုးတို့ မရင့်ကျက်မီက ရုပ်ရှင်ဇာတ်ကား (ဗီဒီယို)များကိုလေ့လာကြည့်. . . တကယ့်ကိုလိုအပ်နေသော အက်ရှင်များကို အပြစ်အနာဆာအဖြစ် တွေ့နိုင်မည်ပင်။ ယခုလို ဒွေးတို့လွင်မိုးတို့ ဖြစ်လာဖို့ရာ များစွာပေးဆပ်ခဲ့ရချေမည်ပင်။ သို့မို့ကြောင့်အမူအရာ (သို့) ပရိသတ်ခင်တွယ်လာအောင် ရှိဖို့ဆိုသည်မှာ များများ လေ့ကျင့်လျှင် ဖြစ်လာနိုင်သည်ဆိုခြင်း ပါပင်. . .။

ရင်တွင်းကိုလှုပ်ရှားနိုင်ခဲ့သော စကားလုံးအချို့ကြောင့် အမျိုးသမီးတစ်ဦး၏ အသက်အားကယ်တင်လိုက်နိုင်ပုံကို ဖော်ပြပါဦးမည်။

ထိုအမျိုးသမီးသည် အသက် ၄၅နှစ်ခန့်ရှိ၍ အလွန်မတန်မှအသန့်အပြန့်ကြိုက်သည်။ တစ်နေ့သော် ထိုအမျိုးသမီးသည် တံတားထက်မှ တစ်ဆင့် အောက်သို့ခုန်ချဖို့ ပြင်ဆင်နေသည်ကို တွေ့လိုက်ရသည်။ သူမ၏လင်က စွန့်ခွာ. . . သားသမီးတွေက

www.burmeseclassic.com



မလိမ္မာနှင့် နောက်ဆုံး လူ့လောကကို အရှုံးပေးတော့မည့်ပုံ. . .။

လူတွေက အောက်တစ်ဝိုက်မှာ ဝိုင်းအုံကြည့်နေသည်။ ရဲတွေပါသည်။ အားလုံးက ခုန်မချဖို့ ဝိုင်းဝန်းတောင်းပန်ပြောဆိုနေသည်။ မရခဲ့ချေ။ ထိုအမျိုးသမီးသည် တဖြည်းဖြည်းနှင့် တံတားအမြင့်ထိပ်သို့ ရောက်သွားသည်။

ထိုခဏမှာပင်. . .

ရဲတစ်ဦးက ဖြတ်ထိုးဉာဏ်ကိုသုံးလိုက်ဖို့ ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်နှင့်အတူ ထိုအမျိုးသမီး၏ ရင်တွင်းလှုပ်ရှားမှုကို စေစားနိုင်သော စကားတစ်ခွန်းကို အော်ဟစ်၍ အသံပေးလိုက်ပါ၏။

"ဟေး. . . အမျိုးသမီး၊ ခင်ဗျားကြီးအောက်ကို ခုန်ချတာက အရေးမကြီးဘူးဗျ. . . ခင်ဗျားမသေကောင်း. . . မပျောက်ကောင်းနဲ့ ရှင်သန်ရလို့ခင်ဗျားကိုယ်တော့ တော်တော်နံစော်သွားမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့. . . တံတားအောက်မှာ အိမ်သာပိုက်က ပေါက်ထွက်တဲ့ မစင်ဘင်ဘုတ်တွေလာစုနေတယ်ဗျို့"

ထိုအသံကိုကြားလိုက်ပါလေရော. . . စောစောကသေဖို့ပြင်ဆင်နေသော အမျိုးသမီးခမျာ ကျောတွန့်သွားခဲ့ရာမှ တံတားအောက်သို့ ပြန်ဆင်းဖို့ပြင်ဆင်ခဲ့ပါတော့သည်။

ထိုအမျိုးသမီးကြီး၏ ပင်ကိုယ်ဗီဇအနေနှင့်က သန့်ပြန့်မှုကို အင်မတန်မှကြိုက်နှစ်သက်သူ ဖြစ်သည်။ ဘဝကိုကျောခိုင်းထွက်လွန်းချင်၍သာ. . . သည်နှယ်ကြံစည်မိသော်လည်း သူမ အလွန်

www.burmeseclassic.com



မုန်းတီးသောအရာများနှင့် ရင်ဆိုင်ရမည်ကို စိုးငယ်မှု မတွေးမိ . . . ထိုကဲ့သို့သောဖြစ်ရပ် သာဓကများ ရှိနေပါသေးသည်။

♦ ♦ ♦

www.burmeseclassic.com

## အခန်း (၃)

## လူတစ်ဖက်သား၏ရင်တွင်းလှုပ်ရှားမှုကို ချိန်ပစ်ရခြင်း

ရုံးတွင်းချင်ဆီခိုက်အောင် ချမ်းအေးသော ဆောင်းရာသီ တစ်ခု. . . ထိုနေ့တွင် လင်နှင့်မယားခွန်းကြီးခွန်းငယ်ဖြစ်နေကြသည်။ လသားကလေးက ခုတင်ပေါ်တွင်ဖြစ်သည်။ အော်ငို နေသည်။ စကားများရသည့် အကြောင်းကလည်း အခြားထွေထွေထူးထူး မဟုတ်။ မယားလုပ်သူက ပန်းကန်ခွက်ယောက်တွေ ဆေးကြောနေသည်ကို လင်ဖြစ်သူက လှည့်ပင်မကြည့်ဘဲ လုပ်ဖြစ်ချင်ရာလုပ်နေခြင်း. . . ခင်ပွန်းကလှည့်မကြည့်လေလေ. . . မယားလုပ်သူက ပန်းကန်တွေ တစ်ချပ်ပြီး တစ်ချပ် ရိုက်ခွဲရာက အစ. . .။

အမှိုက်ကစခဲ့သည့် ပြဿနာလေးသည် ပြဿနာကြီးဖြစ်သွားသည်။ ကလေးငယ်လန့်နိုး၏။ ငိုသွားရုံသာမက မက. . . တစ်ယောက်တစ်ပြန် ရိုက်ပုတ်သတ်ဖြတ်နေကြသံတွေသည် အိမ်နီး

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံးသို့ပါ ပွက်လောရိုက်သွားသည်။

သည်တဒင်္ဂအကြာမှာပင် အိမ်ခေါ်ခေါင်းလောင်းသံ မြည်လာသည်။ မယားလုပ်သူက အမြန်တံခါးဖွင့်စဉ်တွင် ရဲယူနီဖောင်းဝတ်များ ဝင်ရောက်လာသည်ကို တွေ့အသွား. . . ခင်ပွန်းလုပ်သူသည် ခုတင်ပေါ်ကငိုနေသည့် ကလေးကို အတင်းမချီပြီး ပြတင်းပေါက်သို့ရောက်သွားသည်။ ထို့နောက် ရဲယူနီဖောင်းနှင့် ပုဂ္ဂိုလ်များဖက်သို့လှည့်လျက်. . .

"ခင်ဗျားတို့တတွေ. . . ကျုပ်ကိုဖမ်းဖို့လုပ်တာနဲ့ ကလေးကိုဟိုးဘက်. . . အောက်ဆုံးထပ်ကို ပြတင်းပေါက်ကနေ ပစ်ချပြီသာမှတ်ရော့" ဟု ခြိမ်းခြောက်လာသည်။

ရဲများဘာလုပ်လို့. . . ဘာကိုင်ရမှန်းလည်းမသိသည်အထိ ခြေလှမ်း သိမ်းသည်။ တရားခံက ကလေးကို ချီထားလျက် လေတဝီဝီမြည်နေသော ပြတင်းပေါက်ဘောင်ပေါ်တွင် ပစ်မည့်ဟန်ရွယ်လျက်. . .။

သည်စဉ်. . .

၁၂ နှစ်အရွယ်ကလေးငယ်တစ်ယောက် အိမ်ရှေ့ပေါက်က ဝင်ရောက်လာသည်။ ထိုကလေးက စကားတစ်ခွန်းလှမ်းပြောသည်။

"ဖေဖေ. . . ခုလိုလုပ်နေတာနဲ့ပဲ ပြတင်းပေါက်အပြင်က အေးနေတဲ့လေတွေကြောင့် ညီလေးသွေးခဲပြီးသေရတော့မယ်"။

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

ထိုစကားသံကြားသည်နှင့် ကလေးကိုချီပွေ့၍ ပစ်တော့မည့်ဟန်ရှိနေသော ကလေးအဖေမှာ ကလေးကိုမရွယ်တော့ဘဲ ရဲထံပြန်လည်အဖမ်းခံလိုက်ပါသည်။ ယင်းမှာ ထိုသူ၏ ရင်တွင်းလှုပ်ရှားမှုတစ်ခုကို ၁၂ နှစ်အရွယ်ကလေး၏ စကားကတည့်မှန် ထိတွေ့သွားရခြင်းပါပေ. . .။ အကယ်စင်စစ်တွင်လည်း ထို ၁၂ နှစ်အရွယ်ကလေးကသာ ဝင်ရောက်၍ အသိတံခါးမခေါက်ပေးခဲ့သော် ထိုသူသည် မိုက်ကန်းသော အပြုအမူဘက်သို့ ခြေဦးလှည့်ချင်လှည့်သွားပေမည်ပင်. . .။

လူတစ်ရာတွင် ၉၇ ယောက်သောသူတို့မှာ သာမန်ရင်တွင်းလှုပ်ရှားမှုသာရှိနေနိုင်မည်. . . ကျန်သော ၃ ယောက်သည် ပြင်းထန်သော ရင်တွင်းလှုပ်ရှားမှုကိစ္စများ ကိန်းဝပ်အမြစ်တွယ်နိုင်သည်ကို တွေ့ရသည်။ သို့မို့ကြောင့် ရင်တွင်းလှုပ်ရှားမှုအပေါ်မှတစ်ဆင့် မမျှော်လင့်သောအကြောင်းများ ဖြစ်နေကြရသည်။ ထိုသူများ၏ ရင်တွင်းလှုပ်ရှားမှုကို ဓာတ်ခွဲ ကြည့်ရှုနိုင်သော အတတ်ပညာ. . . အသိပညာရှင်တို့သာလျှင် ထိုသူတို့၏လိုအပ်ချက်ကို ဖြည့်စွက်ပေး၍ နှစ်သိမ့်နိုင်ပေမည်။

အချို့တို့သည် သူငယ်ချင်းမိတ်ဆွေအဖြစ် နှစ်ပေါင်းများစွာ တွဲသွားတွဲလာနှင့်ရှိသည်။ တစ်နေ့နေ့တွင် ဖိုနှင့်မ၊ အိမ်ထောင်သက်အဖြစ်လက်တွဲ၍ ဘဝကိုထူထောင်ဖြစ်ကြမည်ဟု စိတ်ကူးယဉ်မထားမိခဲ့ကြ။ အိပ်မက်လည်း မမက်ခဲ့စဖူး. . . ဟော ရင်တွင်း

www.burmeseclassic.com



လုပ်ရှားမှုချင်းစွဲငြိမိသွားကြသည့်အခါ. . . သာမန်မိတ်ဆွေဘဝမှသည် အထွတ်အထိပ်ဆန်သော ချစ်သူဘဝသို့ တက်လှမ်းမိကြတော့သည်။

ရင်တွင်းလှုပ်ရှားမှုကိစ္စတိုင်းတို့သည် လူတစ်ဦးအား ချစ်ခြင်းနယ်မြေသို့ တင်ပို့ပေးနိုင်သလို အမုန်းနယ်မြေစိတ်သောက နယ်မြေနှင့် အောင်မြင်ခြင်းနယ်မြေဆီသို့ပါ တွန်းတင် ပို့ပေးနိုင်သည်ကို သိရှိနိုင်ချေသည်။

သို့မို့ကြောင့်. . .

ကိုယ်ကိုယ်တိုင်၏ ရင်တွင်းလှုပ်ရှားမှုကို ကောင်းစွာ ကိုင်တွယ်ထိန်းသိမ်းနိုင်သူတို့သည် "အရှုံးထဲမှအမြတ်" ကို ရအောင်ရှာဖွေတတ်သူများဖြစ်သည်။ သူတို့ဘဝတွင် ပျော်ရွှင်မှုများ အတိ ရှိနေသည်။ အောင်ပန်းများ အသင့်စောင့်ဆိုင်းနေသည်။ သူတို့ပြုမူသည့် အပြုအမူနှင့် အပြောအဆိုတို့သည် ကိုယ့်စိတ်နှင့် တစ်ဖက်လူကို ညှိနှိုင်းတွက်ဆပြီးမှ ချိန်ပစ်တတ်သည်မျိုးပင်။

ဤလောက လူ့ရွာတွင် လင်နှင့်မယားဖြစ်စေ. . . ဈေးသည်နှင့် ဈေးဝယ်သူဖြစ်စေ. . . ဆရာဝန်နှင့် လူနာဖြစ်စေ. . . မိခင်နှင့် သားသမီးဖြစ်စေ. . . အားလုံးသောသူတို့သည် နေရာတိုင်း၌ ရင်ခုန်လှုပ်ရှားစရာ အကြောင်းများနှင့် ကူးလူးဆက်သွယ်ဆက်ဆံနေရ၏။

လောက၌ နားမထောင်ချင်နေသောသူကို နားစိုက်ချင်

www.burmeseclassic.com



လာအောင်. . . စိတ်မပါချင်သောသူကို စိတ်ပါချင်လာအောင် ဆွဲဆောင်ရသည်မှာ ရင်တွင်းလှုပ်ရှားမှုကို ကိုင်တွယ်နိုင်သော အတတ်ပညာတစ်ခုပင် ဖြစ်ပါသည်။

အချို့သော စာအုပ်တို့၏ခေါင်းစဉ်သည် စာအုပ်အတွင်းပိုင်းကို မဖတ်ဖတ်ချင်အောင် လူတို့အား ဖမ်းစားသည်မှာ ဤအတတ်ပညာကြောင့်ပါပင်။

♦ ♦ ♦

www.burmeseclassic.com

## အခန်း (၄)

# တစ်ဖက်လူ၏ စိတ်တွင်ရှိနေသောအကြောင်းကို သိအောင်ကြိုးစားရခြင်း

အဆွေသည် စာရေးကောင်းသူတစ်ယောက်ဖြစ်လိုပါလျှင် သူစိတ်စောနေသောကိစ္စကို ကိုယ့်ဘက်ကဦးစွာစဉ်းစားရချေမည်။ ထိုသို့သိ၍ ရေးမှသာလျှင် သူ့ရင်တွင်းလှုပ်ရှားမှုကို ကိုယ့်ဘက်က ချုပ်ကိုင်နိုင်အား စွမ်းပကားရှိမည်မှာအမှန်. . . ကုန်စည်စလည် မှာသောစာဖြစ်စေ. . . ချစ်သဝဏ်လွှာတင်သွင်းသောစာလွှာဖြစ်စေ တစ်ဘက်လူ၏ လိုအင်ဆန္ဒကို ဆွဲဆောင်ယူနိုင်မှ သာပင် လျှင်မြန်လွယ်ကူစွာနှင့် ခရီးတွင်နိုင်လိမ့်မည် ဖြစ်ချေသည်။

အဆွေသည် ဘယ်လိုရပ်တည်ချက်တွေရှိနေသူပင် ဖြစ်စေ အကြောင်းမဟုတ်ပြီ. . . သူ့တစ်ဘက်သား၏ စိတ်အင်အားကိုဆွဲ ကိုင်နိုင်သော ပါဝါသတ္တိသာ ကိုယ့်ဘက်ကရှိထားဖို့လိုသည်. . .

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

ကိုယ်လုပ်သမျှ ကိုယ်ဆောင်ရွက်သမျှတို့သည် လူတစ်ဖက်သား လိုအင်ဆန္ဒနှင့်ကိုက်ညီသော အကြောင်းကိစ္စသာ အချိန်တိုင်းဖြစ်နေဖို့ အရေးကြီးသည်။ ကိုယ့်ဆန္ဒတစ်ခုသည် တစ်ဖက်လူအတွက် သိပ်အရေးမကြီးသေး ကိစ္စဖြစ်နေတတ်သည့်အကြောင်းသည် သူ့ခြေထောက်ကို ဆူးသေးသေးလေးတစ်ခု စူးဝင်သည်လောက် သူ့ဘက်က အလေးအနက်ထားလိမ့်မည်မဟုတ်ပြီ. . .။

သို့မို့ကြောင့်. . .

ကိုယ့်ကို သူ့စိတ်ထဲအမြဲရှိနေစေလိုချင်လျှင် သူ့စိတ်ထဲရှိနေသောအရာကိုသာ ကိုယ်ကအမြဲသိအောင်ကြိုးစား၍ ဖြည့်စွမ်းဆောင်ရွက်ပေးနေအပ်သည်။ သည်နည်းလမ်းထက် ဆွဲဆောင်ရန် ကောင်းနိုင်သောအရာသည် ဤလောကမြေမဟီတွင် ရှိနေမည်မထင်။ ကိုယ်ပြောလိုက်သည့် စကားလုံးဝါကျနှင့် ကိုယ်၏မျက်နှာထားလှုပ်ရှားဟန်တို့သည် တစ်ဘက်ခံစားသူ၏ စိတ်နှင့်အစဉ်အံဝင်ခွင်ကျရှိနေဖို့ လွန်စွာမှပင် အရေးကြီးနေသည်။ ကိုယ်၏ချိုသာသောအသံနှင့် ယဉ်ကျေးသိမ်မွေ့သည့် အပြောအဆိုတို့သည် တစ်ဖက်လူ၏စိတ်ကို အိပ်မွေ့ချသည့်သဖွယ် ဖမ်းစားနိုင်ပေသည်။

လူတစ်ဦးတစ်ယောက်အား ကိုယ့်ဖက်မှခေါင်းကျိန်းမတတ်ခံစားသွားစေလိုလျှင် ကိုယ့်ဖက်က ပလတ်စတစ်ပိုက်လုံးဖြင့် ပင်ချောင်းမြောင်းရိုက်နေစရာမလိုပြီ. . . သူ့အသည်းနာလောက်သော စကားလုံးဝါကျများရွေးချယ်ပြောဆိုရုံနှင့်ပင် ခေါင်းကျိန်းအောင်

www.burmeseclassic.com



ခံစားသွားစေနိုင်မည်အမှန်. . . ရင်တွင်းလှုပ်ရှားမှုက သူ့စိတ် တစ်ခုလုံးကို ကျွမ်းသဒ္ဓါလန်သည်အထိ စေစားသွားနိုင်သည်။ အဆွေ့အပေါ်တွင် တစ်သက်လုံးအသည်းနာသည့် ဒဏ်ရာတစ်ခု သူ့တွင် ကျန်ရစ်သွားမည်မုချ. . .။ ထိုဒဏ်ရာသည် ပလာစတာပတ်တီးများလည်း ကပ်၍မလွယ်ပြီ. . .။

မစ္စတာစမစ်နှင့် မစ္စစ်စမစ်တို့၏ အဖြစ်အပျက်ကလေးကို ကြည့်ပါ. . .။

ဇနီးဖြစ်သူ မစ္စစ်စမစ်က လင်သားဖြစ်သူ မစ္စတာစမစ်ကို အလုပ်သွားခါနီး ဝယ်စရာတစ်ခု လှမ်းမှာသည်။ "မောင်ရေ. . . အလုပ်ကပြန်လာတဲ့အခါ ထောပတ်ကလေးပါအောင် ဆွဲလာခဲ့ပါနော်"တဲ့။ သို့သော် မစ္စတာစမစ် အလုပ်မှပြန်လာသည့်အခါတွင် ထောပတ်အစား. . . သူကြိုက်တတ်သည့် စီးကရက်ဖူးကာတွန်းတွေ သာပါလာသည်။ ထိုအခါ ထောပတ်မဝယ်လာရကောင်းလားဆို၍ ဇနီးလုပ်သူ မစ္စစ်စမစ် စိတ်ဆိုးမာန်ဆိုးဖြစ်တော့သည်။ "ရှင်ဟာလေ. . . ကျွန်မဆန္ဒကို ဘယ်တော့မှ လိုက်လျောတဲ့လူကြီးမဟုတ်ဘူး"ဟု ဒေါသစကားဆိုလေသည်။ မစ္စတာစမစ်က "ဟာ. . . မိန်းမလှမ်းမှာတာကို ကိုယ်တကယ် မကြားလိုက်မိလို့ပါ" ဖြေရှင်းသည်။ ထိုအကြောင်းကိစ္စသည် မပြီးတော့ချေ။ ထမင်းဝိုင်းတွင်ပင် ထိုကိစ္စဆက်များသည်။ ကြားထဲက သားသမီးများခမျာလည်း စိတ်မချမ်းမမြေ့ဖြစ်ကြရသည်။ ယခင်က စိုပြည်မြဲဖြစ်ခဲ့သော ထမင်းဝိုင်း

www.burmeseclassic.com



ကလေးလည်း ထိုနေ့က ပျက်စီးခြင်းသို့ရောက်သည်။

ထောပတ်နှင့်စီးကရက်. . . အဝယ်မတူခဲ့သည့် ပြဿနာလေးတစ်ခုသည် နောက်ဆုံး အသည်းနာပြီး လင်ခန်းမယားခန်း ပြတ်စဲသည့် အဆင့်အထိဆိုက်ကြရသည်။ ထိုလိုအဖြစ်အပျက်မျိုးတွေသည် သာမန်မိသားစုတွေပင် ရှိတတ်သည်မဟုတ်ပါ. . . သံတမန်အမတ်ကြီးတွေ၏ အိမ်ထောင်ပိုင်းတွင်လည်း မပြောပလောက်သော စကားအပြောအဆို မှားယွင်းမှုများကြောင့် လင်မယား ရုံးတက်ကွာရှင်းပြတ်စဲသည့်အကြောင်းကိစ္စများပေါ်ပေါက်ဖူးသည့် အလေ့များရှိခဲ့၏။

ယင်းသာဓကမှာ. . . သေးဖွဲသောကိစ္စတစ်ခုသည်ပင် ရင်တွင်းလှုပ်ရှားမှုကို စေ့ဆော်လှုပ်ရှားမှုဖြစ်စေနိုင်သည့် သဘောဖြစ်သည်။ ရင်တွင်းလှုပ်ရှားမှုကြီးမားလာရသည်နှင့်အမျှပင် လောကသဘာဝ၌ မဖြစ်သင့်မဖြစ်ထိုက်တာတွေကြုံနေရသည်ကို မြင်တွေ့ခဲ့ရသည်။

ဇနီးလုပ်သူ ထောပတ်လှမ်းမှာလိုက်တုန်းက. . . ခင်ပွန်းမစ္စတာစမစ်နား အာရုံမစိုက်မိခဲ့သလားဆိုတော့ မဟုတ်ခဲ့ပါ. . . စိုက်ခဲ့ပါသည်။ ကြားလိုက်ပါသည်။ သို့သော်. . . မစ္စတာစမစ်၏ စိတ်တွင် စိတ်စောနေသောအကြောင်းကိစ္စထဲသို့ ဇနီးလုပ်သူ မစ္စစ်စမစ်က မသိဘဲ အိမ်ပြန်လာသည့် ခင်ပွန်းအား အထင်အမြင်မှားသွားရသည်။

www.burmeseclassic.com



နှစ်ပေါင်းနှစ်ဆယ်နီးပါး. . . ပေါင်းသင်းလာပါလျက်နှင့် ထိုလင်. . . ထိုမယားသည် တစ်ယောက်၏စိတ်စောနေသော ကိစ္စကို တစ်ယောက်ကနားလည်နိုင်အောင် မကြိုးစားဖြစ်ခဲ့သည့် အမှားသည်ပင်. . . အပျက်ပျက်နှင့်နှာခေါင်းသွေးထွက်ကိန်း ဆိုက်သွားရသည်။

ထိုလိုအဖြစ်အပျက်မျိုးသည် အိမ်ထောင်လောကများ၌ အစဉ်လိုရှိနေတတ်သည်။ အိမ်ထောင်ဆိုသည်မှာ လင်နှင့်မယား ပေါင်းသင်းနေထိုင်ရုံနှင့် ပြီးစီးသည်ဟု အချို့ထင်နေကြသည်။ တစ်ယောက်၏ စိတ်စောနေသောခံစားချက်ကို တစ်ယောက်ကဖြည့်ဆည်းပေးဖို့ စဉ်းစားရန် သတိမရကြ. . . သို့နှင့်ပင် ထိုအိမ်ထောင်ဖက်တို့မှာ တစ်ဦးနှင့်တစ်ဦး “ငရဲအိုးကြီး” တစ်အိုးတည်းအတူတူလာကျနေသလိုပင် ခံစားနေကြသည်. . .။

လောက၌တည်ရှိနေသည့် ရင်တွင်းလှုပ်ရှားမှု၏ လှည့်စားတတ်မှုကို မသိကြသည်ကများနေသည့် သဘောမျိုးပင်. . .။

♦ ♦ ♦

www.burmeseclassic.com

အခန်း (၅)

## သူ့စိတ်ကိုဖောက်ဝင်နိုင်သောစကားဆိုရခြင်း

ဤလောကဝယ် တူညီသော တုံ့ပြန်မှုနှင့် ကင်းဝေးသော အရာသည် မရှိနိုင်စကောင်း။

ရယ်စရာမောစရာကောင်းသောအကြောင်းအရာကို ကြုံကြိုက်လာစဉ်တွင် လူတိုင်းအူမြူးမိကြမည်ပင်။ စိတ်ညစ်စရာကောင်းသော ကိစ္စနှင့်တိုးလာစဉ်တွင် ရင်ခုန်လှုပ်ရှားမိကြမည်ပင်။

သို့မို့ကြောင့်. . . သူ့အလိုအလျောက် "ရင်ခုန်လှုပ်ရှား" နေသည်ဆိုသောကိစ္စမျိုးသည် မရှိနိုင်စကောင်း။ လူတစ်ဦးတစ်ယောက်အား ရင်ခုန်လှုပ်ရှားစေ၍ စိတ်ပါပြောင်းလဲစေနိုင်သောအကြောင်းအရာတိုင်းတွင် ကိစ္စတစ်ရပ်ရပ်ရှိနေစမြဲ။

စာရေးသူတို့. . . အဆွေတို့နေ့စဉ်ကြုံကြိုက်နေသော ဖြစ်ရပ်များတွင် ရင်တွင်းလှုပ်ရှားမှုတွေနှင့် တံတားခင်းနေကြသည်

www.burmeseclassic.com



ကို သိနိုင်မည်ဖြစ်ပါသည်။ ချစ်ခြင်းမုန်းခြင်းသံသရာနှင့် မကင်းကွာနိုင်။

ဈေးသည်ဈေးဝယ်. . . ဆရာဝန်နှင့်လူနာ. . . ကားစပယ်ယာနှင့် ခရီးသည် စသည်တို့သည် တစ်စုံတစ်ခုသောအကြောင်းအရာပေါ်တွင် အခြေခံ၍ ပြောဆိုနေကြရသည်။ ကိစ္စတိုင်းတွင် ကိုယ်စိတ်စောနေသော အကြောင်းအရာများပျော်ဝင်ပျံ့သက်နေသည်ပင်။ သည်အချက်ကို မမေ့အပ်။ ပြုလုပ်ခြင်းနှင့် တုံ့ပြန်ခြင်း အစဉ်ဒွန်တွဲနေစမြဲ။

စကားလုံးအနည်းအကျဉ်းသည် လူတစ်ယောက်အား အဆိုးဘက်ဆီသို့ တွန်းပို့နိုင်သလို. . . အကောင်းဘက်ဆီသို့ပါ ဆွဲခေါ်နိုင်မည်ပင်။ ကောင်းသောရင်တွင်းလှုပ်ရှားမှုကို အားပေးနိုင်သကဲ့သို့ ဆိုးသောရင်တွင်းလှုပ်ရှားမှုပါ ပေးနိုင်သည်။

မိန်းမသားအတော်များများသည် ရည်ရွယ်ချက်ကင်းမဲ့သော စကားလုံးများနှင့်အတူ စည်းဘောင်မဲ့စွာ ခင်ပွန်းသည်အပေါ် ရမယ်ရှာ ရန်လုပ်တတ်သည်ကို ဆုံကြရသည်။ ထို့အတူ အချို့သော ခင်ပွန်းသည်တို့သည်လည်း အပြစ်များကျူးနေကြသည်။

အောင်မြင်မှုရနေသော ဆရာဝန်များသည် သူ့ထံရောက်လာသော လူမမာအား ဆေးကုသရေးတစ်ခုထက် လူနာအားရှိနိုင်မည့် စကားများကိုသာ ရွေးချယ်စီစဉ်၍ ပြောလေ့ရှိကြသည်။ စကားလုံးဆိုသည်မှာ လူနာအား စိတ်အားတက်စေနိုင်သော ပဋ္ဌ

www.burmeseclassic.com



လက် သတ္တိတစ်ခုရှိမှန်း ဂရုစိုက်လေ့ရှိကြသည်။

မိန်းမသားတစ်ဦးသည် ကိုယ်၏ အလှအပတစ်ခုတည်းဖြင့်သာ ခင်ပွန်းအားဆွဲဆောင်အပ်သည်မဟုတ်။ စကားလုံးများဖြင့်လည်း အားဖြည့်အပ်သည်ပင်။ သို့မှသာ ခင်ပွန်း၏အကြိုက်သည် မြဲသောအရာအဖြစ် တည်ရှိနိုင်မည်ပင်။

သို့မို့ကြောင့် စကားလုံးရွေးချယ်ပြောဆိုမှုကို အတတ်ပညာကဲ့သို့ အလေးအနက် ထားအပ်၏။ သူတစ်ပါး နားဝင်ချိုလွယ်သော အပြောမျိုးသာဖြစ်အပ်၏။

ကိုယ်နှင့်အတူနေသူများ အတူလုပ်ကိုင်သူများသည် ထို အချက်ကို သိချင်မှသိလိမ့်မည်။ ကိုယ့်ဘက်ကသာ အကောင်းဆုံးဖြစ်အောင် အလုပ်အကျွေးပြုအပ်သည်။ သို့မှသာ. . . ကိုယ့်စကားအရာသည် သူ့အပေါ် စိုးမိုးနိုင်မည်အမှန်. . .။

(၁) လူတိုင်းတွင် စိတ်စောနေသောအကြောင်းတစ်ခုခုရှိနေသည်။

(၂) ကိုယ်ပြောသောအကြောင်းအရာသည် သူစိတ်စောနေသော အကြောင်းအရာအတွင်းသို့ ဖောက်ဝင်နိုင်မည့်စကား ဖြစ်ရမည်။

(၃) မှန်ကန်တိကျနိုင်သော ရင်တွင်းလှုပ်ရှားမှုဖြစ်စေရာတွင် အောက်ပါအကြောင်းများက အဓိကပါဝင်ပတ်သက်နေသည်။

(က) သူ့ကို လုံခြုံမှုပေးနိုင်သောစကား။

www.burmeseclassic.com



(ခ) ငွေနှင့်ဆက်စပ်နေသောစကား။

(ဂ) စိတ်ကူးယဉ်မှုပေးနိုင်သောစကား။

(ဃ) ဗဟုသုတဖြစ်စေနိုင်သောစကား။

ထိုစကား (၄)ရပ်နှင့် ဆက်စပ်နေသော အပြောအဆိုများအား ရင်မလှုပ်ရှားနိုင်သူရှိအံ့မထင်။ တစ်ခုခုပေါ်စိတ်စောနေသောလူအများတကာအား အဆွဲအဆောင်နိုင်ဆုံးသော အကြောင်းအချက်များဖြစ်ကြ၏။

လူများတကာအား အစဉ်ဆွဲဆောင်နေနိုင်ခြင်းသည် အဆွေ၏ အတတ်ပညာတစ်ခုသာဖြစ်ကြောင်း မမေ့အပ်။ အဆွေပြောဆိုသော စကားတိုင်းသည် တစ်ဘက်လူအား လုံခြုံမှုပေးမှု ရှိမရှိ အစဉ်သတိထားအပ်သည်။ အဆွေ့တွင် စကားနားထောင်နိုင်သူများလာလေလေ. . . အဆွေ၏ဂုဏ်မြင့်တက်လာလေလေ။

ရံဖန်ကိုယ့်စိတ်ကို အခြားသူ၏ကိုယ်တွင် ခေတ္တဝင်ကြည့်အပ်သည်။ သူဘာကိုစိတ်စောနေသည်။ ဘယ်လိုပြောလိုက်လျှင် သူဘယ်လိုခံစားသွားနိုင်သည်ကို မှန်းဆကြည့်အပ်သည်။

ဈေးဝယ်သူတို့သည်ဈေးပေါ၍ ပစ္စည်းကောင်းမွန်သန့်ပြန့်သည်ကို အစဉ်လိုချင်ကြသည်။ ကိုယ်ကိုယ်တိုင် ဝယ်ကြည့်သောအခါ ထိုအချက်ကို သတိထားမိမည်ဖြစ်၏။ ကိုယ်က ဈေးသည်ဖြစ်သောအခါ ဝယ်သူစိတ်တိုင်းကျဖြစ်စေမည့် ဈေးနှုန်းကို ချိတ်ဆွဲ၍ ဝယ်သူအမြင်လှအောင်ပါ ပြုလုပ်ထားအပ်သည်။ အမြတ်

www.burmeseclassic.com



များများရဖို့ချည်းသာ မတွေးအပ်ချေ။

ဝယ်သူကိုဂရုစိုက်အပ်သော်လည်း ဝယ်မည့်သူ ဆိုင်အနီးကပ်လာသည်နှင့် "ဘာယူမှာလဲ" ဟု စိတ်စောစွာ မမေးအပ်။ ဝယ်မည့်သူသည် သူလိုချင်သည့်ပစ္စည်းကို ဖင်ပြန်ခေါင်းပြန်စစ်ဆေးမည်ပင်။ ကိုယ်ကစိတ်ရှည်ပြုံးသော အမူအယာကိုသာ ဆောင်ရမည်။ ပြီးတော့ ဝယ်ယူသူအလွယ်တကူဝယ်ယူနိုင်မည့်ဈေးနှုန်းကိုသာ ဆိုအပ်သည်။ ထိုသူမဝယ်ဘဲထွက်သွားသော်လည်း စိတ်မဆိုးအပ်။ ခွင့်လွှတ်စိတ်ကို မွေးနိုင်ရမည်။

ကိုယ့်ကိုကိုယ်ထိန်းသိမ်းနိုင်ခြင်းသည် ဝယ်သူဖောက်သည်ကို ဖိတ်ခေါ်နေသည်နှင့်တူသည်။

တစ်ခါက စာရေးသူသည် ရုံးချိန်မီ၊ ဘတ်စ်ကားက မလာနှင့် ရှိနေစဉ် စာရေးသူနှင့် မြင်ဖူးသိဖူးသော သူတစ်ဦးသည် သူ့ကားဖြင့် အမြန်မောင်းပို့ဖူးသည်။

ထိုသူအားစာရေးသူဒီတစ်သက်မမေ့နိုင်ပြီ။

စာရေးသူ စိတ်စောနေသော ဒုက္ခကို လုံခြုံမှုရှိစေခဲ့သည့်အကြောင်းကြောင့်ပါပင်။ လူတိုင်းတွင်လည်း ထိုလိုခံစားမှုမျိုးကြုံဖူးမည်ပင်။

♦ ♦ ♦

www.burmeseclassic.com

အခန်း (၆)

## တူညီတဲ့သဘာဝရှိသော်လည်း ကွာခြားတဲ့ခံစားချက်ကိုပြနေခြင်း

လမ်းခရီးတစ်ခုတည်း၊ အခြေအနေတစ်ခုတည်းမှာ တူနေရလင့်ကစား လူသားတို့၏ဘဝတုံ့ပြန်မှုသည် တစ်ညီတစ်ညွတ်တည်း မရှိနိုင်ပြီ။ တစ်ယောက်နှင့်တစ်ယောက်မတူ. . ကွာခြားချက်ရှိကြသည်မျိုးရယ်ပါပဲ။

ရီနီ ဆိုသော အိမ်ထောင်ကွဲ တစ်ခုလပ်အမျိုးသမီးတစ်ဦး ကော့တ်တေးလ်(ကြက်မြီး) ပါတီဝိုင်းတစ်ခုတွင် ယောက်ျားနှစ်ဦးနှင့်မိန်းမသားသုံးဦးတို့ကို ရယ်စရာအဖြစ်သနစ်ကလေး တစ်ခုပြောပြနေသည်။

မိန်းမသားသုံးဦးအနက်နှစ်ဦးကား အိမ်ထောင်ရှိသည်။ နောက်တစ်ဦးကား အပျို. . .။ အသက် ၃၉နှစ်ရှိပြီ. . . သူမသည် ဘဝ

ကြင်ဖော်ကို အလွန်အမင်းအလိုရှိနေသည်။ ချစ်သူ ပေါ်လာနိုး စောင့်စားခဲ့သည်တိုင် နဖူးစာမင်ရည်ကြဲ၍ လွဲခဲ့ရသည်ချည်း။ သို့မို့ ကြောင့် ဘဝမှာ မပျော်ပိုက်နိုင်ပြီ။

ယောက်ျားနှစ်ဦးအနက် တစ်ဦးမှာမုဆိုးဖို. . . သူသည် မိန်းမ သားနှင့်အတူနေလိုခြင်းသာရှိနေပြီး စွမ်းဆောင်နိုင်သော အင်အား တော့ ကုန်ခမ်းနေလေပြီ။ မုဆိုးဖိုနှင့်အတူရှိနေသည့် ယောက်ျားသား ကတော့ မိန်းမနှင့် ပေါင်းသင်းနေထိုင်လာသည်မှာ ၁၄ နှစ်ပင်ရှိနေ ပြီဖြစ်၍ ယခုအခါ အိမ်ကအဖော်အပေါ်ငြီးငွေ့၍ ဝီစကီပုလင်းပေါ် ကိုသာ ပိုချစ်နေသည်။

ရီနီဆိုသည့် အိမ်ထောင်ကွဲ ပြောနေသည့် ရယ်စရာအဖြစ် သနစ်ကလေးမှာ အခြားတော့မဟုတ်ပြီ။ လူနာမိန်းမသားတင်ပြ သည့်ဇာတ်လမ်းအကြောင်းအရာလေးတစ်ခုအား စိတ်ပညာဆရာ ဝန် တစ်ဦးဆီမှတစ်ဆင့်ကြားလေရခြင်းပါပဲ။ ထိုလူနာမိန်းမသားကား ဘဝအကြောင်းဖန်၍ အိမ်ထောင်လေးဆက်ကျနေရခြင်း. . . ထို အကြောင်းကိုသူမ၏ ခင်ပွန်းဖြစ်သူများမရိမ်စားနိုင်သည်အထိ ပိရိခဲ့ ရခြင်းအကြောင်းရင်းပါပင်. . . ထိုအကြားကပင် သူမအား အတူ ပေါင်းဖက်ရန် ကမ်းလှမ်းလာသည့် ပဉ္စမမြောက်လူသားပါ ပေါ် ပေါက်လာပါကောလား။

ရီနီ၏ ဖောက်သည်ချပြနေဟန်က ရယ်စရာကောင်းလောက် အောင်ရွှင်မြူးလာတော့သည်။ သူမ၏ ပရိသတ်ငါးဦးမှာရယ်ရွှင်

www.burmeseclassic.com



ပြုံးတုံ့မပြုံးတုံ့. . .

သူတို့တတွေ၏ ရင်တွင်းခံစားချက်လှုပ်ရှားမှုအပိုင်းတွေမှာ တော့မူ တစ်ဦးနှင့်တစ်ဦး မူကွဲစွာ စိတ်ပိုင်းထိရှမှုများ ပြနေကြသည်အမှန်ပင်. . .

ပျော်ရွှင်သော မိန်းမသားတွေကတော့ ထိုလူနာအမျိုးသမီး ဘယ်လိုများ ပိရိစွာ ယောကျ်ားသားတွေကို လှည့်စားနေထိုင်သွားသည်ကိုသိလိုချင်ကြသည်။ ခင်ပွန်းမရှိသော အပျိုကြီးမမကတော့ "ဩော်. . စွံမယ့်စွံတော့ ငါးယောက်တောင်တဲ့. . . ဒို့များကျတော့ တစ်ယောက်တောင်မှ မတွေ့ပါလား" ဟုတွေးနေ၏။

ထိုအနက်က မုဆိုးဖိုကတော့ နားထောင်နေသည့်အထဲမှာ အိမ်ထောင်ကျချင်နေသောမိန်းမသားတစ်ဦးပါဝင်နေတာကို တွေးတောင် တွေးမိဖြစ်မည်မထင်. . . ထိုအစား ရီနီပြောပြနေသည့် ဇာတ်ကြောင်းအပေါ်မှာ စိတ်ဝင်စားလွန်းအားကြီး၍ မိမိ၏ အသက်ကို ပင်ပြန်၍ အနှစ်နှစ်ဆယ်လောက်ငယ်ချင်နေသည့်အဖြစ်. . .

ကျန်သည့်သူမှာတော့ ဝီစကီလေး နည်းနည်းပါးပါးဝင်နေ၍ ထိုဇာတ်လမ်းအပေါ် တိတ်တိတ်သာသာလေးသာပင့်သက်ချဖြစ်သည်။ မိန်းမတွေဟာ တစ်ယောက်မှသစ္စာမရှိဘဲအားလုံး အတူတူပဲရှိမှာပဲ. . ငါ့ရဲ့ဝီစကီသာငါ့အပေါ်သစ္စာရှိပြီး နည်းနည်းသောက် နည်းနည်းမူး. . . များများသောက်တော့များများ မူးပဲလေ"ဆိုလျက် ဝီစကီတစ်ငွပ်ငွပ်နှင့် မော့နေခြင်းဖြစ်ကောင်း ဖြစ်မည်သာပင်. . .

www.burmeseclassic.com



သို့သော်. . .

ဇာတ်လမ်းအပြောကောင်းနေသူရီနီ၏ သဏ္ဍာန်ကော ဟန်ပန်ပါ ရယ်စရာဖြစ်နေ၍ ငါးယောက်သား ရယ်မောလိုက်ကြသည်။ အမှန်။

အမှန်စင်စစ်မှာ ထိုငါးယောက်စလုံး ကိုယ်တွင်း၏ စိတ်ပိုင်းဆိုင်ရာခံစားချက်မှာ အားလုံးတူညီမှုရှိပါရဲ့လား. . . ပြောမည်ဆိုက ငါးယောက်စလုံး ရယ်လိုက်သည်မှလွဲ၍ တညီတညွတ်တည်း ထိုအကြောင်းအရာအပေါ် ပျော်ရွှင်နိုင်ခဲ့ကြသည်မဟုတ်ပါပြီ။

ထိုငါးယောက်ထဲမှ နှစ်ယောက်. . . ဒါမှမဟုတ် တစ်ယောက်သာပဲ ရင်တွင်းခံစားမှုထိရှစွာဖြင့် ရယ်စရာလိုခံစားကြည့်မိမည်ပင်. . .

မိတ်ဆွေကြုံဖူးမည်ပင်. . . လူအုပ်ဘယ်လောက်များများ လူတစ်ဦးတစ်ယောက်ပြောသွားသော ဇာတ်လမ်းတစ်ပုဒ်ကို ပြန်လည်ပြောခိုင်းခဲ့က မည်သူမှပင် လိပ်ပတ်လည်အောင် လုံးစေ့ပတ်စေ့နှင့် ပြန်လည်ကာ ပြောပြနိုင်ခြင်းရှိနိုင်သည်ကို မတွေ့ရသည့်အဖြစ်မျိုး. . .

ယခုလည်း. . .

ပင်ကိုယ်အခြေခံမတူသည့် ပရိသတ်ငါးယောက်. . . ထိုအထဲမှာ ဖူးစာမင်းရည်ကြ၍ ယောကျ်ားတွေနှင့်လွဲနေရသူ မိန်းမသားသာလျှင် ရီနီ၏ပြောပြနေမှုဇာတ်လမ်းအပေါ်မှာ အားကျစိတ်နှင့်

www.burmeseclassic.com



ပိုမိုအာရုံစိုက်နေနိုင်ကောင်း. . . ပိုစိတ်ဝင်စားနိုင် ကောင်း၍ ပိုမို မှတ်မိနေကောင်းရှိမည်ပါပင်. . . အကြောင်းမှာ ယင်းအမျိုးသမီး၏ ရင်တွင်းလှုပ်ရှားမှုခံစားချက်က ကျန်သောသူလေးဦးနှင့်မတူညီ၍ပါပဲ. . . ကွာခြား၍ပါပဲ. . .။

ဘာပဲပြောပြော. . . ထိုအမျိုးသမီး၏ စိတ်ထဲက ခံစားချက်သည် ထိရှပြင်းထန်လှခြင်းရှိမည်ပါပင်. . . လိုတာမရခဲ့တုန်းက ခံစားချက်တွေထဲမှာ ပင်ပမ်းနွမ်းလျခဲ့ရသလိုပင်. . . အားကျစိတ်ဝင်ခြင်းအကြား၌ စိတ်ထက်သန်မိသွားမည်ပင်. . . သို့မို့ကြောင့် ယောကျ်ားသား ငါးဦးကိုလှည့်စားစွာ စွမ်းဆောင်နိုင်သော မိန်းမသား၏ အကြောင်းအရာက သူမအား ဖမ်းစားခဲ့သလိုပါပင်. . . ဘယ်သို့များ စွမ်းဆောင်နိုင်ခဲ့ပါသလဲ. . . ဘယ်လိုများ ညှို့ငင်အားနှင့် ဖမ်းစားသွားနိုင်ပါသလဲ. . .

ထိုလိုခံစားချက်မျိုးများသည် အသက် ၃၉ နှစ် အရွယ်အထိ အိမ်ထောင်မှုနှင့် မကြုံရသောမိန်းမသားများတွင် ဖြစ်ပေါ် တပ်မက်နေမြဲရှိတတ်ကြသည်မျိုးပဲလား. . .

မဟုတ်ပါပြီ. . .

ထိုကဲ့သို့သော ခံစားချက်မျိုးသည် လူတိုင်းသဘာဝတူညီသည့် သဘောရှိကြသည်။ တူညီသည့် သဘောသဘာဝထဲမှ ကွာခြားချက်ရှိသည့်အကြောင်းကတော့ရင်ထဲကို ဖောက်ဝင်ဖြတ်သန်းနိုင်သော ခံစားချက်အင်အားထိန်းထားမှု၌ဆွဲဆောင်မှုအပိုင်း အနိမ့် အမြင့်

www.burmeseclassic.com



ခြားနားခြင်းလောက်မျှသာ။ လူတိုင်းစိတ်ကူးယဉ်ခံစားချက်များ၌ ကိုယ်စီမွေ့ပျော်နိုင်စမြဲ . . ငွေကိုသည်းခြေကြိုက်အောင်ရှိကြစမြဲ။ လူတိုင်း၏ အသိအမှတ်ပြုစွာ ဆက်ဆံလာခြင်းကို ခံယူချင်စမြဲ . .

ဘဝ၌အရေးကြီးနေသော စိတ်လှုပ်ရှား၍ဆွဲဆောင်နိုင်ခံစားချက်ကြီးလေးခု The fatal four Emotional Appeals သည် လူတစ်ဦးနှင့်တစ်ဦးမတူ ဖောက်ဝင်ဖြတ်သန်းနိုင်မှုမျိုးရှိနေ၏။ သို့မို့ကြောင့် တူညီသောအကြောင်းအရာကို ညီတူစွာမျှဝေရစေဦးတော့ ဖြစ်လာသည့်ခံစားချက်ခြင်း ဝိဝါဒကွဲပြားသွားရခြင်းပါပဲ . . .

ထိုခံစားချက်လေးခုသည် စိတ်ခံစားချက်ဟူသမျှပေါ်မှာ ကြောက်ရွံ့စိတ် ဟူသမျှပေါ်မှာ အခြေအနေဟူသမျှအပေါ်မှာ အဓိက အရာအဖြစ် အဆုံးအဖြတ်ပေးနေမြဲရှိနေသည်။

သီချင်းရေးရာတွင်ဖြစ်စေ . . . ကြော်ငြာရာတွင်ဖြစ်စေ၊ အခြေအနေတစ်ရပ် ရေးဆွဲရာတွင်ဖြစ်စေ၊ ဝတ္ထုဇာတ်လမ်း ဖန်တီးကြရာတွင်ဖြစ်စေ . . နားဆင်သူ . . ကြည့်မြင်သူ၊ ဖတ်သော သူတို့ အသည်းကိုဖမ်းလှုပ်စေနိုင်ရမည်။ သို့မဟုတ် . . အံ့အား သင့်နိုင်စေရမည့် အကြောင်းအရာများကိုဦးစွာ ဆင်ယင်ပြီးမှသာ ပြုလုပ်ကြရာသည်။

လူတိုင်းလူတိုင်း၏ ချဉ်ခြင်းတပ်မက်မှုတွင် ငွေအကြောင်း ပါသည်။ စိတ်ကူးယဉ်ဆန်သည့် အကြောင်းအရာပါသည်။ ဆန္ဒကိုဆွဲခေါ်စေမည့်အရာနှင့်ပူပန်မှုကိုငြိမ်းသတ်ပေးနိုင်မည့် အရာများပါ

www.burmeseclassic.com



သည်။

ပရိသတ်သည် ထိုအရာနှင့်ကင်းကွာတဲ့ အကြောင်းအရာအပေါ် စိတ်မဝင်စားနိုင်ပြီ. . . ယင်းသဘောကိုဖန်တီးစေစားမည့် သူဘက်မှ သိနေအပ်သည်။ ဖန်တီးသောအကြောင်းအရာတိုင်း ထိုစည်းမျဉ်း အတွင်းမှပင် ပြုလုပ်ရလိမ့်မည်။

စင်စစ်. . .

ထိုအခြင်းအရာများက တစ်ချိန်နှင့်တစ်ချိန် မတူတတ်ကြ။ တစ်ချိန်တွင် အားကောင်းမှုရှိ၍ တစ်ချိန်တွင် အားနည်းမှုပြသည်။ လူသားတို့၏စိတ်လှုပ်ရှားမှုအကြောင်းအရာက အချိန်အခါအလိုက် ကွာခြားနေသောကြောင့်ပါပဲ. . . လူ၏လှည့်စားတတ်သောစိတ် ပဉ္စလက်ပါပင်. . . မျက်လှည့်ပြနေသည့်သဘောမျိုး. . .

သို့မို့ကြောင့်. . .

ဖန်တီးစေစားနေသူသည် ရုံဖန်ပရိသတ်၏စိတ်ခံစားချက်သဘောအပေါ် နားမလည်ရဘဲရှိတတ်သည်။ ဗီဒီယိုဇာတ်ကား ရိုက်ကူးထုတ်လုပ်သူများ. . မဂ္ဂဇင်းဂျာနယ်ထုတ်လုပ်သူများသည် မျက်လှည့်ဆရာလို ပရိသတ်နှင့်တိုက်ရိုက်ထိတွေ့ခွင့်မရကြ. . ကာလအတန်ကြာမှပင် ပရိသတ်၏ရင်ခုန်သံကို နားစွင့်နိုင်ခွင့်ရှိကြသည်။

ပရိသတ်တိုင်း၌ စိတ်စောနေသော အရာသည် အချိန်နှင့် ကာလတိုင်း၌ရှိနေသည်။ ထိုစိတ်စောနေသောအရာကို ဖန်တီးသူများဘက်က တိုက်ရိုက်ဆွဲကိုင်၍ တစ်ခုခုပို့လွှတ်နိုင်ခဲ့ပါလျှင် အောင်မြင်

www.burmeseclassic.com



မှုအကြောင်းသည်  ဆွဲဆောင်နိုင်အားကောင်းလောက်အောင် ပေါ်ပေါက်လာမည်သာတည်း။

♦ ♦ ♦

www.burmeseclassic.com

အခန်း (၇)

## မ. . . ၏ ဆွဲဆောင်သောနည်းလမ်း

ရင်ခုန်လှုပ်ရှားစေနိုင်သောအကြောင်းများသည် ဘဝ ပတ်ဝန်းကျင်၌ ဌာနအမျိုးမျိုးတွင် တည်ရှိနေပြီဖြစ်သည်။ ရင်ခုန်လှုပ်ရှားခြင်းကိုဆွဲခေါ်ယူနိုင်ခြင်းသည်. . . အောင်မြင်ခြင်း၏ ပဉ္စလက်ပညာတစ်ခုပင်ဖြစ်သည်။

လူသားတို့၏ချဉ်ခြင်းတပ်မက်မှုတွင် ဖိုနဲ့မအတူတူပေါင်းဖက်လိုစိတ်သည် ကြီးမားလှသည်။ သို့သော် ကိုယ်မျှော်မှန်းသည့် အတိုင်း နီးစပ်မှုနှင့်လွဲမှားစေရသည့်အကြောင်းတွင် တစ်ဖက်သားရင်ခုန်လှုပ်ရှားစေသော စွမ်းအားချို့ယွင်းမှုပြနေ၍ပဲ ဖြစ်သည်။

အောင်မြင်ခြင်း၏ပဉ္စလက်ပညာတွင် စီးပွားရေးအကြောင်းမှမဟုတ်၊ လူမှုရေးအကြောင်းမှမဟုတ်၊ ဘဝရေးအကြောင်းမှမဟုတ်. . . အချစ်ရေးအကြောင်းလည်း ပါဝင်နေပြန်ပါ၏။

www.burmeseclassic.com

## အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ

မိန်းမသားချင်းတွေ့ဆုံသည့်အခါ အချို့ပြောကြသည်ကို တွေ့ရသည်။ "ငါနဲ့သူနဲ့ တွေ့ခဲ့တဲ့အကြောင်းက မျက်လုံးချင်းဆုံပြီး မြင်မြင်ချင်းချစ်မိတဲ့ကိစ္စက စတာပဲ"ဟု ပြောဆိုသည်။

အမှန်တွင်မူ ဤသို့မဟုတ်ခဲ့ပြီ။ မျက်လုံးအမြင်အာရုံနှင့် ထိရှိခဲ့ရခြင်းသည် သာယာမှုမဆိုစလောက်ကိုသာ ဖြစ်ပေါ်စေမည် ဖြစ်သည်။ အချစ်စိတ်အမှန်ကိုဖြစ်ပေါ်စေဦးမည်မဟုတ်။ ဒါကို အချို့အယူလွဲ၍ တစ်သတ်မတ်တည်းစွဲမှတ်ကြသည်။ ထိုသို့မြင်ခြင်းသည် အစပိုင်းသာဖြစ်သည်။ အချစ်စစ်အချစ်မှန် ထင်မြင်လာဖို့ အကြောင်းတွင် သည့်ထက်ပို၍ အမြစ်တွယ်နက်ရှိုင်းခဲ့ရသည် အမှန်။

မစ္စတာမေးလ်ဆိုသည့် စာရေးတစ်ယောက်၏ ဥပမာကိုစံပြုရပါမည်။ သူသည် စတိုးဆိုင်ကြီးတစ်ဆိုင်တွင် လှုပ်ရှားလုပ်ကိုင်နေသူဖြစ်သည်။ သူ့ရင်ထဲ၌ အကြီးမားဆုံးလှုပ်ရှားမှုအကြောင်းမှာ cuckoo ခေါ် ငှက်မြည်သံပေးတတ်သည့်နာရီများကိုစုဆောင်း သိမ်းဆည်းတတ်သည့် ဝါသနာဖြစ်သည်။ ပြီးတော့ သူ ယခုလက်ရှိလုပ်ကိုင်နေသော စတိုးဆိုင်ကြီးမျိုးကိုလည်း တစ်နေ့နေ့ပိုင်ဆိုင်နိုင်လိမ့်မည်ဟူ၍ မျှော်ကိုးဆောင်ရွက်နေခဲ့သည်။ သို့သော်. . . သူသည် ဆန့်ကျင်ဖက်မိန်းကလေးမျိုးနှင့် ရင်ခုန်သာယာခဲ့သေးသည်။ သည်ကနေ့အထိမူ. . . အိမ်ထောင်ပြုမည်ဟု ရည်ရွယ်ရိုးမရှိခဲ့ပြီ။

သူ cuckoo နာရီများစုဆောင်းနေသည်ဟု ကြားရသော

www.burmeseclassic.com



သူနှင့် လုပ်ကိုင်သူများက သူ့ကိုကလေးဆန်လွန်းသည်ဟု နောက်ကြပြောင်ကြသည်။ သူ့အစ်မများကလည်း ရှူးကြောင်ကြောင်နိုင်သည်ဟုပြောခဲ့သည်။ သူသည် အများတကာသူ့အပေါ်သည်လို ပုံစံဆက်ဆံလာမှုကို မလိုလားဘဲ အထင်တကြီးဆက်ဆံလာမှုကိုသာ မျှော်မှန်းဖြစ်သည်။

တစ်နေ့သူ ကလပ်တစ်ခုသို့ ရောက်သွားသည်။ အရက်ကလေး ရီဝေဝေနှင့် အလှအပလေးတွေကို ငေးနေသည်။

သည်အချိန်“မ”ဆိုသည့် မိန်းကလေး ကလပ်ထဲဝင်ရောက်လာသည်။ “မ”သည် အရုပ်ဆိုးအကျည်းတန်နေသော ရုပ်ရည်သွင်ပြင်ရှိသည်။ သို့မို့ကြောင့် ယောက်ျားသားများသည် “မ”အပေါ်မှာ လုံးဝစိတ်ဝင်စားစရာမကောင်းသော မိန်းမစာရင်းတွင် သွင်းထားကြသည်။ “မ”သည် အရွယ်လည်းရောက်လာပြီဖြစ်၍ အိမ်ထောင်တစ်ခုတော့ ကျကျနနတည်ထောင်ချင်သည်။ သည်တော့ “မ” ဘယ်လို ကြံဆရမည်နည်း။

“မ”. . . ထိုကလပ်ထဲသို့ရောက်အလာမှာပင် သတိပြုမိသူကတော့ စတိုးဆိုင်စာရေးမစ္စတာမေးလ်. . သို့သော် မစ္စတာမေးလ်ကတော့ အရုပ်ဆိုးလွန်းသော “မ”ကို တစ်ချက်သာ မတော်တဆလှမ်းကြည့်ပြီး မျက်နှာလွှဲသွားသည်။ “မ”စိတ်ထဲမှသံမိဋ္ဌာန်တစ်ခု ချလိုက်သလို မစ္စတာမေးလ်၏ အနီးသို့ချဉ်းကပ်ခဲ့သည်။

“ဟဲလို. . မစ္စတာမေးလ်”ဟု ပဋိသန္ဌာရစကားကို ခွန်းခြွေ



BURMESE CLASSIC .com

www.burmeseclassic.com



လိုက်ပြီး "ကျွန်မရှင်နဲ့အခုလိုတွေ့ဆုံလာရတာကို အင်မတန်ဝမ်းသာမိပါတယ်. . ကျွန်မသူငယ်ချင်းမာဂျီကတော့ ရှင့်ရဲ့ အံ့သြစရာကောင်းတဲ့ဝါသနာကိုပြောလို့ကိုမဆုံးဘူးရှင်ရယ်"ဟုစကားစသည်။

"ဟင်. . ဟုတ်လား" မစ္စတာမေးလ်သည် မျှော်လင့်မထားသောစကားသံကိုကြားလာရခိုက် စိတ်များရင်ခုန်လှုပ်ရှားသွားသည်။ "သူကဒီလိုပဲပြောမဆုံးအောင် ဖြစ်နေသလား"

"ဟုတ်ပါတယ်ရှင်. . ရှင့်ရဲ့ cuckoo နာရီတွေစုဆောင်းတဲ့အကျင့်ဝါသနာဟာ ကျွန်မအဖို့လည်း ယုံတောင်မယုံချင်အောင် အံ့သြတုန်လှုပ်မိပါတယ်"

"ဘုရားရေ. . ကိုယ့်ရဲ့မိတ်ဆွေနဲ့ သူငယ်ချင်းတွေကျတော့ ကိုယ့်ကို အဲဒီဝါသနာကြောင့် ရူးသလားလို့တောင် ထင်နေကြပါရဲ့၊ ပြီးတော့ ကိုယ့်ရဲ့အစ်မတွေကလည်း အဲဒီအတိုင်းပဲ"

"မစ္စတာမေးလ်ရဲ့ အစ်မအကြောင်းတွေကိုတော့ ကျွန်မ ကြားဖူးပါတယ်. . . သိပ်သဘောကောင်းကြတယ်ဆိုပါပဲလား။ ဒါပေမယ့် သူတို့တတွေက မစ္စတာမေးလ်ရဲ့ ပိုင်ဆိုင်မှုတွေပေါ်မှာ သဝန်တိုမိတာဖြစ်ပါလိမ့်မယ်။ ကျွန်မကို အဲဒီရှင်စုဆောင်းထားတယ်ဆိုတဲ့ cuckoo နာရီတွေအကြောင်း ပြောပြနိုင်မလားဟင်"

မစ္စတာမေးလ်သည် သူ့ဝါသနာကို အထင်ကြီးလာရုံမကဘဲ စိတ်ဝင်စားမှုပါ ပြလာသော"မ"လို အကျည်းတန်မလေး၏ စကားသံအပေါ် ရင်ခုန်လှုပ်ရှားသွားရဖြစ်သည်။ "မ"သည် သူ့ဆန္ဒကို ရှေ့

www.burmeseclassic.com



တန်းတင်လိုမှုအတွက် မစ္စတာမေးလ်၏ ရှုထောင့်ဖက်မှစဉ်းစား၍ လက်ကမ်းလိုက်ခြင်းပင်ဖြစ်ပါသည်။ သူစိတ်ဝင်စားနေသောဝါသနာ အကြောင်းတစ်ခုကို နှီးနှောပေးလိုက်ခြင်းအားဖြင့် “မ”သည်သူ့အဖို့ စိတ်ဝင်စားစရာ မိန်းမသားတစ်ဦး ဖြစ်လာခဲ့ဖြစ်သည်။ ထိုညက မစ္စတာမေးလ်သည် သူဝါသနာပါသော cuckoo နာရီအကြောင်း တွေပင်မကတော့ဘဲ သူမျှော်မှန်းနေသော စတိုးဆိုင်ပိုင်ဆိုင်လာဖို့ ရည်ရွယ်ထားဖြစ်ခြင်းအကြောင်းကိုပါ “မ”အား ထုတ်ဖော်၍ အသိ ပေးဖြစ်ခဲ့သည်ဆိုပါတော့။

ထိုနေ့မှအစပြု၍ မစ္စတာမေးလ်နှင့်“မ”တို့သည် နေ့စဉ် တွဲ လျှောက်သူများဖြစ်လာကြရသည်။ ထို့နောက်. . . ထို့နောက်များ မှာတော့. . . သူတို့နှစ်ယောက်သည် စိတ်တူကိုယ်တူချစ်သူများဖြစ် ခဲ့ရာမှတစ်ဆင့် အိမ်ထောင်ရေးခရီးလမ်းဆီအထိ အတူလျှောက်ဖြစ် ကြသည်။

အိမ်ထောင်ပြုဖို့စိတ်မကူးဘဲ တစ်သက်လုံးလွတ်လပ်စွာ နေ ထိုင်သွားမည်ရယ်လို့ ရည်ရွယ်ထားသော လူပျိုကြီး မစ္စတာမေးလ် အား ပိုင်ဆိုင်ခွင့်ရလာစေသည်မှာ စိတ်ကိုလှုပ်ရှားစေအောင် စွမ်း ဆောင်လာနိုင်သည်ကြောင့်ပင် ဖြစ်သည်။

သည်နေရာမှာ မြင်မြင်ချင်းချစ်မိသည်ဆိုသောစကား အသုံး အနှုန်းသည် အရာမရောက်တော့ပြီ။ “မ”လို အရုပ်ဆိုး အကျည်း တန်သူမိန်းမသားတစ်ဦးသည် မစ္စတာမေးလ်လို အချောအလှကြိုက်

www.burmeseclassic.com



သူကို ဘယ်လိုမှပင် မြင်မြင်ချင်းမချစ်စေနိုင်ပြီ။

အောင်မြင်ခြင်း၏ ပဉ္စလက်အကြောင်းပြောရာတွင် လူတို့၏ ရင်ခုန်သံ လှုပ်ရှားစေရာကိစ္စများမပါဝင်၍ မဖြစ်ပြီ။

လေ့လာလေလေ ပိုမိုကျယ်ပြန့်ခြင်းရှိလာလေလေရယ်. . .။

♦ ♦ ♦

www.burmeseclassic.com

အခန်း (၈)

## ဆရာဝန်၏ဆွဲဆောင်စကား

အောင်မြင်ခြင်းကို ရယူနိုင်စွမ်းသည့် ပဋ္ဌလက်ပညာဆိုသည်မှာ အခြားမဟုတ်ပြီ၊ ကိုယ်ဆက်သွယ်ဆက်ဆံရမည့်သူ၏ စိတ်ပိုင်းဆိုင်ရာ ထိုးနှက်လှုပ်ရှားစေနိုင်မည့် အကြောင်းတို့အား နှိုက်ယူရှာဖွေခြင်းနှင့်အတူ ဖြားယောင်းမြူဆွယ်ခြင်းပင် ဖြစ်သည်။

ဆရာဝန်က သူ့ထံရောက်လာသော ခန္ဓာကိုယ်ဝဖိုင့်လွန်းသူကို အစားလျှော့စားဖို့ အဆီးလျှော့စားဖို့ တွေ့တိုင်းတွေ့တိုင်း သတိပေးသည်။ နားမထောင်၊ ဟော ဝေဒနာခံစားလာရတိုင်း သူ့ရောဂါကို လာလာပြသည်။ ဆရာဝန်က စကားနားမထောင်ရကောင်းလားဟု စိတ်ဆိုးမာန်ဆိုးနှင့် ဆူသည်။ မရ။ နောက်တစ်ခါ ရောဂါအကြောင်းဖြင့် ရောက်လာသည့်အခါ အရင်ကထက် ပိုအလေးချိန်တိုးနေသည်။ ထိုအခါ ဘာကြောင့် နားမထောင်ရတာလဲဟု မေး

www.burmeseclassic.com



ဖြစ်သည်။ လူနာက ဝလျှင် လူလေးစားခံရမည်။ သူ့ဩဇာပေါ် ကြောက်ကြရမည်။ ဒါကြောင့် သေခါမှသေရော့ မလျှော့စတမ်း စားနေသည့် အကြောင်းများဖြင့် ဖြေသည်။

သူ့လူနာ၏ စိတ်ထဲတွင် လူများတကာက သူ့ကို ဝသော ကြောင့် အလျှော့ပေးဆက်ဆံနေကြသည်ဟု အစွဲရှိနေသည်။ သူ့ အတွက် ထိုအကြောင်းက ရင်ခုန်စရာဖြစ်နေသည်။ သေခါမှ သေ ရော့ အစားမလျှော့စတမ်းစား၍ ကိုယ်အလေးချိန်လျှော့ရမည့် အ ကြောင်းမှ ရှောင်ရှားချင်နေသည်။ ကဲ ဘာလုပ်ရမလဲ။ ဝချင်လို သည့်လူ၊ သည်တစ်ကြိမ်ရောက်လာစဉ်တွင်မူ ရောဂါက ပိုသည်းနေ သည်။ ဆရာဝန်သည် အဆီလျှော့မစားသည့်ကိစ္စ၊ အစားလျှော့ မစားသည့်ကိစ္စတွေအပေါ် ပြောမနေတော့ဘဲ သူကုစရာရှိသည်များ ကို ဆက်လက်ပြုလုပ်နေသည်။

သည်စဉ်တွင် ဖုန်းမြည်လာသည်။ နားထောင်လိုက်တော့ ဟို ဘက်မှာ လူနာတစ်ယောက် အခြေအနေဆိုးရွားနေ၍ အမြန်လာဖို့ အကူအညီတောင်းလာသံ. . .။

“နေဦးဗျ၊ ကျွန်တော့်ဆီမှာလည်း လောလောဆယ်ဆယ် ဆင်ကြီးတစ်ကောင် ရောက်လာနေတယ်။ သူအစားလျှော့မစားလို့ က နောက်ဆိုရင် ဆင်ထက်ကြီးမယ့်အကောင်ဖြစ်မယ့်ပုံမျိုးဗျ။ အခု တောင် ဆင်ကိုယ်လုံးနဲ့ လိုက်ဖက်မယ့် အဝတ်အစား အဆောင် အယောင်တွေပေါ်မှာ ခင်တွယ်နေတဲ့ပုံ” ဆရာဝန်၏ မဆီမဆိုင်

www.burmeseclassic.com



ပြောစကားများသည် အဆီနှင့်အစားလျှော့စားရန် ထိတ်လန့်တကြားဖြစ်နေသော လူနာလူဝကြီးကို ရင်ခုန်လှုပ်ရှားသွားစေသည် အမှန်ပင်။ ဆရာဝန်ဖုန်းချလိုက်သည်နှင့်ပင် လူဝကြီးက နောက်ဆိုရင် သူအစားကော အဆီပါ လျှော့စားပါမည်ဟု ကတိကဝတ် ပြုလာခဲ့တော့သည်။

စကားလုံးတစ်လုံးက သည်ကနေ့ခေတ်စားနေသော ဘီလိယက် ဘောလုံးသဖွယ် ကျန်သည့်အလုံးတွေကို တည့်တည့်ကြီး ထိမှန် တွင်းဝင်မှန်သွားစေခဲ့ပြီ။

"ဆင်" ၏ ကိုယ်နှင့် နှိုင်းယှဉ်လိုက်သည်ကပင် လူနာအတွက် ခြောက်ခြားစရာဖြစ်သွားရသည်။ ရိုးရိုးသာမန်ပြောရိုးအတိုင်း ညွှန်ကြားနေလိုက်ကတော့ဖြင့် လူနာသည် ဆရာဝန်၏ ညွှန်ကြားမှုကို နားထောင်လိမ့်မည်မဟုတ်ပြီ။ ယခုကျတော့ သူ၏ခန္ဓာကိုယ်ဝဖိုင့်ခြင်းကို အကောင်းအဖြစ်မမြင်သော ပြယုဂ်စကားက သူ့ခံယူချက်နှင့် ခံစားချက်ကို ပြောင်းလဲသွားစေသည်။

ထိုကဲ့သို့အလား ဖရက်ဒီဆိုသော သူငယ်လေးအား မိခင်က "သားသားရယ်၊ ဒီအားဆေးလေး သောက်လိုက်ပါဦး။ သားလေး အစားတွေအများကြီးစားနိုင်လာပြီး လူလည်းဝလာမယ်"ဟု ချိုသာညင်းပြောင်းလေသံနှင့်ဘယ်လိုပင်ပြောဆိုစေကာမူအကြောက်အကန် ငြင်းဆန်နေမြဲဖြစ်သည်။ ထိုအခါ မိခင်က ဒေါသထွက်လာပြီး. . .။

"မင်းကို ငါသနားလို့ ဟိုကလေး အရွယ်တုန်းကလို ချော့

www.burmeseclassic.com



ကြည့်နေတာ၊ အခု မင်းအရွယ်က ရိုက်လို့ရပြီ၊ မင်းကိုယ်ကြီးကို ငါ့ပေါင်တွေပေါ် မှောက်ထားပြီး ကျောတွေကို ဖြန်း. . . ဖြန်း . . . ဖြန်းဖြန်းနဲ့ ရိုက်တော့မှပဲ မင်းနားထောင်မယ်ထင်တယ်" ဟု ဆိုတော့မှ ဖရက်ဒီ လန့်ဖျန့်သွားပြီး. . .

"သား. . . သောက်ပါ့မယ်အမေ. . . ဖြန်းဖြန်း ဖြန်း ဖြန်းနဲ့တော့ မရိုက်ပါနဲ့နော်" ဟု ဆိုလာသည်။ ဖြန်း ဖြန်း. . . ဖြန်းဆိုသော စကားလုံးကြောင့် ဖရက်ဒီဆေးသောက်ဖို့ နှလုံးတုန် ရင်ခုန်လှုပ်ရှားစေခဲ့ဟန်။

ထိုအခါ မိခင်ကချော့ရပြန်သည်။

"မှတ်ရင်တော့ ငါရိုက်မလို့ပဲ. . . ဒါပေမယ့် မင်းက နား ထောင်လာတော့ မင်းအတွက် အိပ်ရာပေါ်မှာ အတူတူအိပ်ဖို့ မေမေ အရုပ်တစ်ရုပ်ဆုချမယ်နော်" ဖရက်ဒီပျော်သွားလိမ့်မည်မှာပြောစရာ မလိုပြီ။

ဖရက်ဒီအတွေး၌လည်း ကြီးလာသည်အထိဆုပေး၊ ဒဏ်ပေး စနစ်ကိုပါ သဘောပေါက်တတ်လာခဲ့သည်။ သို့ဖြင့် ဖရက်ဒီသည် ငယ်စဉ်က အစွဲအလန်းတစ်ခုကြောင့် ကြီးလာသည့်အခါ အလုပ် တိုင်းကို သက်သာစေဖြစ်မည့် နည်းလမ်းဖြင့် လုပ်လာသည်။ မကျန်း မာလျှင် နာကျင်မှုရှိလာမည်ကို စိတ်အတွေးဖြင့် ခံယူတတ်လာပြီး ရောဂါမဖြစ်မိအောင် အမြဲတမ်း ဆင်ခြင်နေထိုင်လာတတ်၏။ မတော်တဆဖြစ်မှု၊ ထိခိုက်ကျိုးပဲ့မှုဖြစ်လာမည်ကို ကြောက်ရွံ့သည့်

www.burmeseclassic.com



အားလျော်စွာ ဘာမဆို သတိတရားဖြင့် ကိုင်တွယ်တတ်လာသည်။ လမ်းလျှောက်ရာတွင်လည်း အလောတကြီး ဖုတ်ပူမီးတိုက်မရှိ။ အေးအေးနှင့် သက်သာစွာ လျှောက်လှမ်းတတ်ရှာသည်။ ထိုအသိစိတ်သည် အခြားကရသည်မဟုတ်ဘဲ "ရင်ခုန်နှလုံးလှုပ်ရှား"မှုပေးခဲ့သော ငယ်စဉ်က အသိတရားကြောင့် ဖြစ်သည်။

သူ့ခံစားချက်ဝယ် "သွေး"ဆိုသည်မှာ "ရေ" ထက်ပြစ်နှစ်သည်ဟု အသိတရားရလာသည့်အလျောက် ဘာမဆို ပြစ်နှစ်မှုရှိအောင် အစွမ်းကုန် ကြိုးစားလာခဲ့ဖြစ်သည်။ တည်ငြိမ်မှုစိတ်ကို နာခံမှုဖြင့် ခရီးဆန့်တက်လာဖြစ်သည်။

လူတို့၏ စိတ်ခံစားချက် သဘာဝတို့သည် "ကျားသစ်" တစ်ကောင်နှင့် အလားသဏ္ဍာန်တူသည်။ ကျားသစ်တို့သည် ၎င်းတို့၏ စားကျက်နေရာကိုသာ မှီတွယ်၍ မပြောင်းမလဲဘဲ ရှိကြသည်။ ထိုနည်းတူစွာပင် လူသားတို့သည်လည်း သူတို့၏ အရင်ကရှိခဲ့ဖူးသော ရင်ခုန်နှလုံးလှုပ်ရှားသံပေါ်တွင်သာ ခင်တွယ်တည်မှီလို့နေချင်ကြသည်အမှန်။

ထို့ထက်ဆန်းကြယ်သောအကြောင်းပေါ်ပေါက်လာမှသာပဲ မူလရင်ခုန်သံကို စွန့်ပစ်ချင်လိုကြစမြဲ။

လောကကြီး၌ ဖရက်ဒီလို လူမျိုး. . . အဆီနှင့်အစာကို လျှော့မစားချင်သည့် "ကိုလူဝကြီး"လို လူမျိုး ဒုနဲ့ဒေးပင် ရှိနေကြသည်။ သူတို့၏ မူလကခုံမင်နေသော ရင်ခုန်သံကြားတွင်ပင် လှုပ်ရှားချင်

www.burmeseclassic.com



နေကြသည်။

လူပျိုပေါက်ဖြစ်လာသောအခါ ဖရက်ဒီ၏ အရွယ်အပိုင်းအခြားသည် ဆန့်ကျင်ဖက်လိင်များအပေါ် သာယာခင်တွယ်စိတ်လှုပ်ရှားမှုများရှိလာသည်။ ထိုအချိန်တွင် အနာဂတ်၏ ကောင်းကျိုးတို့ကို မျှော်တွေးစပြုလာဖြစ်သည်။ ထိုအရာများတွင် ရင်ခုန်လှုပ်ရှား တုန်လှုပ်ချင်လာပြီ၊ အသစ်အသစ်သော အတွေ့အကြုံတို့သည် သူတို့တတွေ၏ ရင်ခုန်သံများဖြစ်လာကြသည်။ လှမှုပမှု စတိုင်တစ်ခုခုထုတ်မှုဖြင့် ဆန့်ကျင်ဖက်လိင်ကို ဖမ်းစားစေလိုခြင်းသည် သူတို့တတွေ၏ ရင်ခုန်သံပင်ဖြစ်သည်။ သူများနှင့်မတူသည့် စတိုင်ဖြစ်စေ၊ ဇာတ်လိုက်မင်းသားတစ်ယောက်ယောက်၏ ပုံကိုက်ကို ဖမ်းထားသည်ဖြစ်စေ၊ သူတို့ ရင်ခုန်သံ၏ အမှတ်တံဆိပ်ပင် ဖြစ်နေခဲ့သည်။

ထိုအရွယ်မှ လွန်မြောက်၍ ငွေကိုရှာဖွေသည့် အပိုင်းအခြားသို့ ဆိုက်ရောက်လာသည့်အခါ ဖရက်၏ ရင်ခုန်သံသည် "ငွေစက္ကူ" ဖြစ်လာရသည်။ ထိုအခါ ငွေစက္ကူ မြိုးမြိုးမြက်မြက် ရနိုင်မည့် အကြောင်းတို့သည်သာ သူတို့၏စိတ်ကို ဖမ်းစားနိုင်တာဖြစ်သည်။ ငွေတိုက်တွင် ငွေကိုကိုင်တွယ်နေရသောစာရေးသည် ငွေအပုံကြီးကို ကိုင်တွယ်နေရလင့်ကစား သူတို့၏ရင်ခုန်သံသည် ရေတွက်နေရင်း ပျောက်မည်၊ ရှုမည်၊ လျော့ရမည်ကိုသာ စိုးရိမ်နေမည်ဖြစ်သည်။ ထိုသူတို့၏ ရင်ခုန်သံသည် ငွေကိုကိုယ်တိုင်ရှာနေသော ဖရက်ဒီ၏

www.burmeseclassic.com



လက်ထဲမှရရှိမှုလောက် ရင်ခုန်သံသာယာပျော်ရွှင်မည်မထင်ပြီ။ ထို့ကြောင့် ငွေနှင့်လူ၏စိတ်လှုပ်ရှားမှုသည် အခြေခံတရားပေါ်တွင် မူတည်နေစမြဲ။

လောက၌ ပစ္စည်းတစ်ခုကို ရှာဝယ်ခြင်း၊ အချစ်တစ်ခုကို ဖွေရှာခြင်း။ အိမ်ထောင်ပြုဖို့ ခြေလှမ်းခြင်း စသည်တို့သည် ရင်ခုန်နှလုံးလှုပ်ရှားမှုနှင့် အဆက်အစပ်ရှိနေခဲ့သည်။ ရင်ခုန်နှလုံး လှုပ်ရှားမှုအကြောင်းများလည်း ဘယ်လိုအကြောင်းကိစ္စမှာမှ လွတ်ကင်းမှု မရှိခဲ့ပြီပေါ့လေ။

အချို့ ဈေးရောင်းသမားတို့သည် ဝယ်ယူမည့်သူ၏ အဓိက စိတ်လှုပ်ရှားနေသော အကြောင်းတစ်ခုကို လေ့လာမှုမရှိဘဲ သူတို့ ရင်ခုန်လှုပ်ရှားသည့် အကြောင်းပေါ်ပါဝင်လာဖို့ အတင်းအဆွယ် တရားဟောနေကြသည်။ ထိုအခါ ဖောက်သည်အဆုံးအရှုံးခံခဲ့ကြရသည်။ လူတွေ၏ စိတ်လှုပ်ရှားမှုသည် ဘယ်လိုအကြောင်းအရာတွင် နှစ်သက်စွဲလမ်းနေမှုများသလဲ ဟု သိနိုင်သူသည်သာ ပရိသတ်အကြိုက်လိုက်၍ ရောင်းကောင်းအောင် ဖန်တီးနိုင်ခဲ့ကြသည်။

ထို့ကြောင့် ရင်ခုန်သံကို နားစွင့်တတ်နိုင်အောင်ပင် ဈေးရောင်းသမားဖက်မှ အစဉ်အားထုတ်အပ်သည်။

အချို့က ကိုယ့်ကိုကိုယ် အမွမ်းဖွဲ့တတ်ကြသည်။

"ကျွန်မရဲ့ ပုံစံက ကလေးပုံပေါက်နေမယ်ထင်ပါရဲ့။ ဒါပေမယ့် ကျွန်မက ငယ်တော့တာမဟုတ်ဘူး။ သုံးဆယ်တောင် ကျော်နေ

www.burmeseclassic.com



ပြီ”

သည်လိုအပြောမျိုးအား ကိုယ့်နှုတ်ဖျားမှ ပြောဆိုလာခြင်းကို လူတွေက မကြိုက်ကြပြီ။ သူတို့ဘာသာ စိတ်လှုပ်ရှားစွာနှင့် ချီးမွမ်းခြင်းကိုသာ ကိုယ့်ဖက်ကနားစွင့်အပ်ရာသည်။ ကိုယ့်စိတ်၏ လှုပ်ရှားမှုကို စကားသံမှာ အပြမမြန်သင့်ပြီ။

ရံဖန်တွင် ကိုယ့်ဖက်က အတွေးဆုံးဖြတ်မှုမတိကျဘဲ လူနှစ်ယောက်၏ အပြစ်အနာဆာကို ဝေဖန်မှုသည် ကိုယ်၏ ရင်ခုန်လှုပ်ရှားသံသာ ဖြစ်နေ၍ သူ့အဖို့မူ စိတ်ထိခိုက်ကြေကွဲစရာ အကြောင်းဖြစ်သွားရတတ်သည်။ ထိုအကြောင်းကြောင့် အခင်အမင်ဖျက်ရတတ်သလို စိတ်ထဲတွင်လည်း တစ်သက်လုံး အတေးထားခံသွားရတတ်သည်။ ကိုယ့်ဖက်မှ ရင်ခုန်လှုပ်ရှားသံကို လောစွာမပြသင်ပြီ။

ထိုသူမျိုးတို့သည် လုပ်ချင်တာကိုသာ ပထမတွေးပြီး ဆင်ခြင်မှုကိုမူ နောက်မှလုပ်ကြသူများဖြစ်ကြသည်။ သူတို့အဖို့ ရင်ခုန်နှလုံးတုန်ချင်စရာအကြောင်းက ဦးစားပေးအနေအထား ရောက်နေ၍ပဲဖြစ်သည်။

လောက၌ လူတိုင်း လူတိုင်းသည် တူညီသောလမ်းကြောင်း၌ မကွဲပြားသော ခြေလှမ်းဖြင့် လျှောက်လှမ်းကြမည် မဟုတ်။ ယင်းကို ကိုယ့်ဖက်မှသိနေဖို့လိုပေမည်။ ကိုယ့်စိတ်လှုပ်ရှားသံကို ပထမ နားစွင့်တတ်အောင် ကြိုးစားတတ်ပွန်ထားဖို့ လိုပါမည်။ သူ၏ရင်ခုန်

www.burmeseclassic.com



သံကို ကိုယ့်ဖက်က နားစွင့်နိုင်ခြင်းသည် ကိုယ့်ဖက်ကို ပါလာမည့် အခွင့်အလမ်းထူးကြီးတစ်ခုပါပင်တည်း။

ပြောမည်ဆိုက. . . ။

ထိုအကြောင်းတို့သည် ပြောမဆုံးပေါင် တောသုံးတောင် ဆိုသလို ပြော၍ ဆို၍ မပြီးနိုင်အောင်ပင်ရှိနေပါသေးသည်။

♦ ♦ ♦

www.burmeseclassic.com

အခန်း (၉)

## ငွေအတွက်ပူပန်နေသော အကြောင်းကို ဦးခေါင်းထဲက ဖယ်ရှားနည်း

လူများတကာရဲ့ စိတ်ဆန္ဒလှုပ်ရှားမှုဆွဲဆောင်နည်းပညာတွင် ငွေသည်လည်း အဓိက အခန်းကဏ္ဍမှပါဝင်နေသည်။ လူတိုင်း လူတိုင်း လိုလိုပင် ငွေရရှိနိုင်မည့် နည်းလမ်းပညာပေါ်မှာ စိတ်ကိုဆွဲဆောင်ခံစားနိုင်စေမည်။ သို့မို့ကြောင့် ပစ္စည်းတစ်ခုခုကို သက်သာသောနည်းလမ်းဖြင့် ရောင်းချနေသောဆိုင်များဆီသို့ ဝိရိယထား၍ စောစီးစွာသွားကာ တန်းစီနေကြခြင်း၊ တကယ်တော့ ထိုပစ္စည်းသည် မရမှာမဟုတ်၊ ဈေးပိုပေးရ၍ နောင် ယခုဈေးနှုန်းဖြင့် မရမှာကို စိုးရိမ်၍ဖြစ်သည်။ ပစ္စည်းတစ်ခုခုကို ဈေးပေါပေါဖြင့် ထားရောင်းစဉ်က ဘယ်သူမှစိတ်လှုပ်ရှားစွာ စိတ်ပါမဝင်စားနိုင်။ ထိုပစ္စည်း ဈေးနည်းနည်းတက်ပြလိုက်၍ ထိုပစ္စည်းကလည်း လူတွေ

www.burmeseclassic.com



အဖို့ မသုံးမဖြစ်သည့် ပစ္စည်းဖြစ်နေက ဈေးကြီးချိန်မှာပင် အလု အယှက်ဝယ်ယူသည်။ နောင် ထိုပစ္စည်း ဒီထက်ဈေးကြီးသွားမှာကို စိတ်ဆန္ဒက လှုပ်ရှားပေးလိုက်သော ဆွဲဆောင်မှုကြောင့်။

အောက်ပါ ကြော်ငြာမျိုးကို အသင် စာရှုသူတွေ့ဖူးပါရဲ့လား. . .။

မည်မျှဆွဲဆောင်မှုရှိနေသည်ကိုသာ လေ့လာကြည့်ပါတော့။

"ကျွန်တော် ဒီပစ္စည်းကို ဘာ့ကြောင့် ဈေးပေါပေါထားပြီး ရောင်းနိုင်တယ်ထင်သလဲ"

ကြည့်. . . ခေါင်းစည်းတပ်လိုက်ပုံကပင် လူများတကာကို စိတ်မဝင်စားစေနိုင်ဘူးလား၊ အဲဒီ ခေါင်းစည်းရဲ့ အောက်ပါ ကြော်ငြာ ရေးသားချက်ကို ဆက်ဖတ်ကြည့်ပါလား။

"ကျွန်တော်ရဲ့ ကုန်ပစ္စည်းတွေကို ဈေးလျှော့လျှော့ပေါ့ပေါ့ နှင့် လက်ရှိအချိန်မှာ ရောင်းနိုင်တာဟာ ကျွန်တော် "လူပျိုကြီး" ဖြစ်နေလို့ပါပဲ။ ဘာကြောင့်ဆိုတော့. . . ကျွန်တော့်နောက်ပါးမှာ ကျွန်တော့်ရဲ့ ရလာမည့် အမြတ်ထဲကနေ မျက်ရည် ခံစားနေမယ့် မိသားစုလည်း မရှိဘူး။ ဇနီးမရှိ သားသမီးမရှိ ဒါကြောင့်မို့ ကျွန်တော့် အနေနဲ့ ကိုယ်ရောင်းချရမယ့် ပစ္စည်းပေါ် အမြတ်များများတင်နေစရာ မလိုလို့ပါပဲ. . .။

"အခု ကျွန်တော့်မှာ ကိုယ့်ဆီဝယ်ယူအားပေးကြမယ့် ဖောက်သည်တွေကို သတင်းကောင်းပေးဖို့အချိန်တန်နေပါပြီ။ ဒါက တခြား

www.burmeseclassic.com



မဟုတ်ဘူး. . . တချိန်ချိန်မှာ ကျွန်တော့်ကုန်ပစ္စည်းတွေကိုလက်ရှိ ရောင်းချနေတဲ့ ဈေးနှုန်းနဲ့ရောင်းချနိုင်မှာမဟုတ်တော့တဲ့ အကြောင်း ပါပဲ. . . အကြောင်းကတော့ ကျွန်တော်ဟာ မကြာခင် လူပျိုဘဝ က ကျွတ်ပြီး အိမ်ထောင်ရှင်ဘဝထဲဆင်းရတော့မယ့် အကြောင်း ကြောင့်မို့ပါ။

"ခုချိန်မှာ မိမိတို့ရဲ့ လက်ထဲကငွေတွေအကုန်အကျနည်းစေ ချင်ရင် ကျွန်တော့်ဆိုင်က ကုန်ပစ္စည်းတွေကို အချိန်မဆိုင်းဘဲ ပြေး ဝယ်ကြပါ. . . အရင်ဈေးနှုန်း အဟောင်းတိုင်းနဲ့ပဲ ရောင်းချ နေပါသေးတယ်။

**အိုကေဆာ**

အထက်ပါ ကြော်ငြာပါလာပြီး သိပ်မကြာ. . . အိုကေဆာ ရဲ့ စတိုးဆိုင်၌ လူတွေနှင့်အုတ်အုတ်ကျက်ကျက်ရှိလာသည်။ လူတွေ ၏ ဈေးပေါပေါနှင့်သက်သာရလိုချင်သည့်သဘာဝစိတ်ပိုင်းဆိုင်ရာ။

တစ်ခါက တက်ကဆက်မြို့ ယာဉ်မောင်းတို့အားငွေဖြင့် သတိ ပေးတော့မှပင် စိတ်ကိုဆွဲဆောင်နိုင်သည့် အဖြစ်မျိုးကြုံဖူးသည်။ ထိုအဖြစ်မျိုး အရပ်တကာ၊ ဒေသတကာတို့တွင် ရှိနေသည်။

တက်ကဆက်မြို့ ယာဉ်အန္တရာယ် ကင်းငြိမ်းစေသော အလို့ ငှာ အရေးကြီးသည့်လမ်းတို့တွင် **"အရှိန်လျှော့မောင်းပါ. . . မိုင် ၂၀ ထက်မပိုပါနှင့်"** ဆိုသည့် ဆိုင်းဘုတ်များ စိုက်ထူပေးထားနေ သော်လည်း ခရီးကို အလျင်လိုနေသူများသည် ထိုထက် အရှိန်အ

www.burmeseclassic.com



ဟုန်မြင့်၍ မိုင်ကုန်တင်မောင်းမြဲမောင်းနေဆဲရှိနေသည်။ သို့နှင့် မခြား ယာဉ်အန္တရာယ်တိုက်ခိုက်မှုတို့ ဖြစ်မြဲဖြစ်ပေါ်နေဆဲရှိသည်။ ယာဉ်စည်းကမ်းဌာနကြီးမှ ဆိုင်းဘုတ်ပုံစံကို အနည်းငယ်ပြောင်းလဲ ပြင်ဆင်လိုက်ရသည်။ ထိုအခါ သတိပေးဆိုင်းဘုတ်တွင် **"မိုင် ၂၀ နှုန်းထက်မပိုရ. . . ပိုလာလျှင် ဒဏ်ငွေဒေါ်လာ ၁၉. ၉၀အရိုက်ခံ ရမည်"** ဟူ၍ ဖြစ်လာရသည်။ ယင်းသည်တော့မှပင် "ဒဏ်ငွေ" ဆိုသောစာတမ်းပါလာ၍ ယာဉ်မောင်းသူတို့သည် ဒဏ်တပ်မှုကင်း ဝေးအောင် ထိုနေရာအရောက် ကားအရှိန်လျှော့မောင်းတော့သည်။

ငွေသည် လူ၏ စိတ်ဆန္ဒလှုပ်ရှားမှုကို ဆွဲဆောင်လိုက်ခြင်းပါပဲ။ လူတိုင်းလူတိုင်းသည် မိမိတို့၏ အိတ်ကပ်ထဲကငွေတွေ အလဟဿ စွန့်လွှတ်ရမည့်အဖြစ်ကို နှမြောကြောက်ရွံ့တတ်ကြစမြဲ. . .

ဆင်မြူရယ်လွန်ဆန်ဆိုသူတစ်ခါကပြောဖူး၏။

"လူသားတွေကို အလေးအပင်ဆုံးနဲ့ ဝန်ပိစေတဲ့အရာတွေဟာ အချိန်နဲ့ငွေတို့ပဲဖြစ်ကြတယ်။ ပျော်ရွှင်ခြင်းကင်းမဲ့စေတဲ့ အကြောင်း အစွန့်ရှည်နေစေတဲ့ထဲမှာ ငွေကိုကော အချိန်ကိုပါ ဘယ်လို အသုံးပြုရမယ်ဆိုတာကိုသိနေတဲ့ စိတ်ကြောင့်လည်းပါနေတယ်"။

အထက်ပါအဆိုအမိန့်ကိုကြည့်လျှင်ငွေနှင့် အချိန်အားမသုံးတတ်ခြင်းကြောင့်မဟုတ်ဘဲ သုံးတတ်ခြင်းကြောင့် ပျော်ရွှင်ခြင်း ကင်းမဲ့စေရသည့် အကြောင်းကအစွန့်ရှည်နေကြောင်းဟုဖော်ပြခြင်းကို တွေ့ရမည်ဖြစ်သည်။ မှန်ပါသည်။ အချိန်နှင့်ငွေအား ကျစ်လျစ်

www.burmeseclassic.com



စွာ သုံးစွဲနေတတ်သူတို့အဖို့ရာ၌ ထိုအရာတို့သည် လက်ထဲသို့ပြည့်စုံ ကုံလုံစွာရောက်လာရသည်ဟူ၍ မရှိတတ်ရ။ ထိုရောအခါ ထိုအရာများ ပြည့်ဝစွာသိမ်းပိုက်လာနိုင်ဖို့ ကြိုးစားနေရင်းနှင့်ပင်မပျော်နိုင် မပိုက်နိုင်ဖြစ်လာရတော့၏။ သို့နှင့်အမျှပင် ထိုအရာများ ဆုံးရှုံး၍ မရမှာကိုပါကြောက်ရွံ့စိတ်များရှိလာလျက် ဘဝလုံခြုံမှုမတွေ့သည့်နှယ် စိတ်ဆန္ဒထဲအမြစ်တွယ်လာကြရသည်။

အချိန်ဆိုသည်မှာ ငွေပေါင်းမြောက်မြားစွာကိုဖြစ်ပေါ်စေနိုင်သော တန်ဆာပလာတစ်ခုဖြစ်နေသည်။ လူသားတွေထဲမှ အချို့တို့သည် အချိန်ကိုလှည့်စား၍ နေထိုင်ကြသည်။ တချို့က ငွေကိုလှည့်စား၍ နေထိုင်ကြသည်။ သည်အထဲမှာ နှစ်မျိုးစလုံးအပေါ်မှာ လှည့်စား၍ နေထိုင်ကြသူများ ပါရှိနေကြပြန်သေး၏။ တချို့မှာ သည်လိုလှည့်စားနေထိုင်သလိုဖြစ်သွားရသည့် ကိုယ့်ကိုကိုယ်ရှက်ရွံ့စိတ်ဖြစ်ပေါ်သလိုပင် ခံစားမိကြရ၏။

ငွေအတွက် ခံစားချက်ထားပုံချင်းတူညီကြသော်လည်း ငွေပေါ် ပိုင်းဖြတ်စိတ်ထားတာချင်းကျတော့ လူတစ်ဦးစီမတူညီ ကွဲပြားခြားနားချက်ရှိနေကြ၏။ ငွေမြောက်များစွာ ရရှိသိမ်းပိုက်ခွင့်ရလိုက်သည်ကြောင့် ပျော်မြူးသူများရှိနေသည်။ မရရှိသည်ကြောင့်ဆွေးမြေ့ဝမ်းနည်းစိတ်ကြုံနေသူများတွေ့ရသည်။ စိတ်ဆန္ဒကျရောက်သည့်အကြောင်းတွင် ငွေကော်ဇောခင်းနေပါလေသတည်း။

ငွေသည် သည်းခြေကြိုက်ဓာတ်စာဖြစ်နေသည်မှာ စကြ

www.burmeseclassic.com



ဝဋ္ဋာ တစ်ခုလုံး၏ သာမန်ယူဆချက်ပင် ဖြစ်နေသည်။

အခွန်အတုပ်ကောက်ခံခြင်းများသည် လူ၏စိတ်လှုပ်ရှားမှု အကြောင်းများနှင့် အဆက်အစပ်ရှိနေတတ်သည်။ ထိုအမှုထမ်း များသည် လူ၏စိတ်လှုပ်ရှားသည့်အကြောင်းများနှင့် ဆက်ဆံနေ ကြသူတွေသာတည်း။

ငွေသည် ဆိုးနိမိတ်ကိုတွေးသော ရင်ခုန်လှုပ်ရှားမှုအကြောင်း များနှင့် ဒွန်တွဲလျက်ရှိသည်ကို မကြာခဏဖော်ကျူးနေသည်။ ထို အရာနှင့်ပတ်သက်၍ တုံ့ပြန်ဖြစ်ပေါ်နေသောစိတ်ခံစားချက်အား လူတိုင်းနားလည်သဘောပေါက်ထားသင့်သည်။

ပေါင်းသင်းဆက်ဆံမှုအတွက် ရင်ထဲကကြေးမုံကြည့်မှန် တစ် ချပ်လိုပင် ထိုအရာသည် စိတ်ခံစားချက်အပေါင်းကို သန်မာလျင်မြန် စေသည်။ အားနည်းနွေးကွေးစေသည်။ မြေသြဇာ အကောင်းအဆိုး နှင့်ပါ တူနေသလိုပင်။

စိတ်လှုပ်ရှားမှုဆန္ဒအကြောင်းနှင့် ငွေသည် ဆက်စပ်ပတ် သက်နေသည်။ လူတိုင်း အလုပ်ပေါ် အာရုံများစွာ စိုက်ထူလုပ် ဆောင်နေကြခြင်းမှာ ငွေရရှိဖို့ ဖြစ်နေတတ်သည်။ သို့မဟုတ် ဆုလာဒ်တစ်ခုခုလာဖို့နှင့် အောင်မြင်မှုအသွယ်သွယ်သိမ်းပိုက်လာ နိုင်ဖို့ဖြစ်နေတတ်သည်။ အချို့တို့သည် ငွေများချမ်းသာလာဖို့ အ တွက် အဘယ်မျှပေးဆပ်လုပ်ဆောင်လာခဲ့ရသည်ကို ပြောဖူးပေလိမ့် မည်။ လူတွေ၏အနက်ရှိုင်းဆုံးလိုအင်ခံစားချက်မှာ ငွေရရှိဖို့ပင် ဖြစ်

www.burmeseclassic.com



နေသည်။ ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်း၊ စိတ်မသေချာရှိခြင်းတို့သည် ငွေမရှိမှုအကြောင်းနှင့် မမျှော်လင့်ဘဲ သွားသက်ဆိုင်နေတတ်သည်မဟုတ်လား။

လူသားသည် ငွေတွေအားမပိုင်စဉ်အခြေအနေတုန်းက စိတ်လှုပ်ရှားမှုများစွာထားခဲ့ရသလိုပင် ငွေများတအားရှိလာသည့်အခါ မိမိပိုင်ဆိုင်မှုများ ပြန်လည်ဆုံးရှုံးပျောက်ပျက်သွားရမည်ကိုလည်း စိတ်လှုပ်ရှားကြောက်ရွံ့စွာရှိတတ်သည် မဇ္ဇတာပင်။

မစ္စစ်ဘီဆိုသူ မိန်းမတစ်ဦး၏ ငွေနှင့်ပတ်သက်သည့် စိတ်သဘောထားအဖြစ်အပျက်ကို တင်ပြရလိမ့်မည်ထင်သည်။ မစ္စစ်ဘီသည် အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦး၊ ကလေး၏မိခင် ငွေအတွက် နွားလို ကျွဲလို ရုန်းကန်ရှာဖွေနေသူတစ်ယောက်။

သူမမိဘနှင့် နေထိုင်လာရစဉ် တစ်လျှောက်လုံးဆင်းရဲနွမ်းပါးခဲ့သည်။ သူမ၏ဖခင်သည် ရုပ်ရှင်ဇာတ်ကားထဲမှာ နာမည် သိပ်မရသောသရုပ်ဆောင်. . . လာခေါ်လျှင်ရိုက်ရသည်။ မခေါ်လျှင်မရိုက်ရ။ ထို့ကြောင့် ဘဝအခြေအနေမဟန်ဘဲရှိသည်။ အရေးထဲ စိတ်ညစ်လျှင် ဝီစကီချည်း ဖိသောက်နေသည်။ မိခင်က မိသားစုဝမ်းရေးအတွက် အဝတ်လျှော်ဖွတ်ခြင်းအလုပ်အကိုင်နှင့်ရှာဖွေခြင်းပြုသည်။ ကလေးတွေ၏ ကိုယ်ကာယရှင်သန်ရေးနှင့်စိတ်အင်အား ကောင်းမွန်ရေးအတွက် တစ်ယောက်တည်း ရုန်းကန်၍ ရှာဖွေသည်။

www.burmeseclassic.com

**သန်းမြင့်ဦး**

မစ္စစ်ဘီအသက် ၁၂ ရောက်သောအခါ ငွေပိုမိုရှာနိုင်ရေး အတွက် မိခင်နှင့်ကူလုပ်သည်။ အသက် ၁၉ နှစ်မှာ အိမ်ထောင်ရက်သား ကျရလျက်. . .

အိမ်ရှင်မဖြစ်လာသောအခါ မစ္စစ်ဘီသည် ငွေတန်ဖိုးကို သိလာ၍ အိမ်ထဲရှိကိစ္စမှန်သမျှအကုန် ငွေကုန်သက်သာအောင် ခြိုးချုံသည်။ အဝတ်အစုတ်အနုပ်ကအစ ကိုယ်တိုင်ချုပ်ကိုယ်တိုင် ဖာထေးသည်။ နဂိုကဗီဇပါလာသော မစ္စစ်ဘီသည် ဗီရိုသေတ္တာ အကန့်ထဲ လက်သုတ်ပဝါလေးတွေတစ်ထည်ချင်းစုထားတတ်သည်။ သူ့သား ၉နှစ်အရွယ်ရောက်လာသည့်အခါ ဗီရိုထဲမှာ အဝတ်အထည်ထက် လက်သုတ်ပဝါတွေသာနေရာယူနေသည်။ သားကဒါတွေကို သူများတွေဆီလက်ဆောင်ပေးစေ့ချင်သည်။ အမေကဒါကို ပြောတိုင်းမကြိုက်။ ထို့ပြင် နေရာတကာတွင် စည်းစနစ်ဘောင်ကျဉ်းသည့်ထဲမှာ စေးစေးကပ်ကပ်နှင့်နေလာသည့်အခါ ကိုယ်လက်တင်းမာလာရရင်း ရောဂါလက္ခဏာများပြလာသည်။ ခင်ပွန်းကအမြဲတမ်းကြမ်းကြမ်းတမ်းတမ်းပြောဆိုဆက်ဆံပုံနှင့် ကိုယ့်အတ္တတစ်ခုတည်းပေါ်မှာသာရှေ့ရှုလုပ်ကိုင်နေသော ဇနီးပေါ်မှာ အချစ်လျော့နည်းသထက်လျော့နည်းလာပြီး လေးစားမြတ်နိုးမှုပါကုန်ခမ်းသွားရသည်။

ခင်ပွန်းမစ္စတာဘီကိုယ်တိုင်ပါ သက်တောင့်သက်သာနေထိုင်တတ်သော အကျင့်ဗီဇများပျောက်ဆုံးသွားတော့သည်။ သူက သားသမီးကိုတော့ချစ်သည်။ ဇနီးကြောင့်အိမ်ပေါ်မုန်းလာ၏။ တစ်ပတ်

www.burmeseclassic.com



မှာညစာကိုပျော်ပွဲစားရုံမှာသာ ၃ ရက်တိတိစားသောက်တတ်လာသည်။ ဖဲဝိုင်းရောက်သည်။ အိမ်မှာစိတ်ညစ်သမျှ အပြင်မှာအပျော်တွေရှာသည်။ မစ္စစ်ဘီနှင့်အိမ်တွင်အတူနေထိုင်သော်လည်း လင်မယား မဖြစ်တော့သည်မှာ ၂ နှစ်ပင်ရှိသွားပြီ. . .။

"သူနဲ့တွေ့လိုက်တိုင်း မိသားစုအရေးထက် ငွေအတွက်ပဲ အသံထွက်နေတာများတော့ ကျွန်တော်အတော်စိတ်ကုန်လာရတယ်။ သူဟာ ညတိုင်းကျွန်တော်နဲ့တစ်အိပ်ရာတည်းကပ်အိပ်နေပေမယ့် မိုင်ပေါင်းရာချီဝေးတဲ့နေရာမှာ တစ်ယောက်နဲ့တစ်ယောက်မတွေ့ရ သလိုပဲခံစားမိရပါတယ်. . "ဟူ၍ စာရေးသူအားပြောပြသည်။

မစ္စတာဘီသည် အိမ်ထောင်တစ်ခုကို သူများတကာ လင်မယားတွေလို သာယာမှုအပေါင်းပါဝင်သော အကြောင်းအရာတွေနှင့်ဖွဲ့စည်းချင်လိုနေသည်။ တစ်ဦး၏ရင်ထဲကခံစားချက်ကို တစ်ဦးဆီ အသိပေးပြီး ဝေမျှခံစားချင်၏။ ဒါက ခင်ပွန်းဖြစ်သူ၏ ရင်ထဲက နားစွင့်နေသံ. . .

မစ္စစ်ဘီဆိုသည့်အမျိုးသမီးသည် စာရေးသူအား သူမခင်ပွန်းက သူတို့၏မကောင်းသတင်းတွေပေးရကောင်းလားဟု စိတ်ဆိုးနေ၏။ စာရေးသူက သူတို့၏အဓိကတည်ရှိနေသည့် ပြဿနာ၏အဖြေမှန်ဖော်ထုတ်ပေးလိုက်သည့်အခါမှပင် မျက်ရည်များကျလာရပါတော့သည်။ ငယ်ငယ်က ဆင်းရဲခဲ့ရဖူးသော ဘဝနာခဲ့သည့် အတွေ့အကြုံများကြောင့် ငွေကိုကိုးကွယ်မိနေခဲ့၍ ချမ်းသာဖို့တစ်ခုတည်း

www.burmeseclassic.com



ပေါ်မှာသာအာရုံထားနေမိခဲ့ကြောင်းများဝန်ခံချက်ပေးသည်။ သူမ၏ အဓိကပူပန်နေသော အကြောင်းအရာသည် နောင်တွင် ငွေမရှိရမည့်ဒုက္ခကို ကြောက်ရွံ့နေခြင်းတည်း။ သူမက ငွေကြေးရှာဖွေ စုဆောင်းမှုအပေါ်အခွင့်အရေးတစ်ခုရနေသလို တည်ဆောက်နေ သလောက်. . . သားသမီးနှင့်လင်သားတို့၏ အချစ်က သူမနှင့်ဝေးကွာသထက် ဝေးကွာလာ၏။

အချိန်တိုင်းမှာ ငွေမရမှာကြောက်ရွံ့ခြင်း. . . ရှိသည့်ငွေများ ပျောက်ပျက်မှာစိုးရိမ်မိရခြင်းကြောင့် ငွေသည် စိတ်ကို ကာကွယ်မှုမပေးနိုင်သော အဖျက်ပစ္စည်းတစ်ခုဖြစ်ရပြန်တော့သည်။

ငွေအတွက်ဆန္ဒနှင့်ယှဉ်၍ ဆွဲဆောင်လာသော စိတ်ပူပန်မှုသည် ဆိုးရွားသော စိတ်လှုပ်ရှားမှုကိုဖြစ်ပေါ်စေ၍ အပျက်ဘက်ကို စေစားသွားနိုင်၏။ မစ္စစ်ဘီဆိုသည့် အမျိုးသမီး၏ရပ်တည်ချက်မျိုးမှာ အချိန်တိုင်း. . . အချိန်တိုင်း ငွေဖြစ်ပေါ်ဖို့အရေးသာ ဦးစားပေးလှုပ်ရှားနေရလျက် ရင်ခုန်လှုပ်ရှားမှုအထောင်အသောင်း မကရှိလာရခြင်းများ ဦးနှောက်ပိုင်းသွေးကြောတိုးလှုပ်မှုရှိလာခြင်းများကပေါ်လာရလျက် ရေရှည်တွင် အမှန်တရားနှင့်ဝေးကွာသွားရတတ်၏။ သို့မို့ကြောင့် ထိုစိတ်များလာတိုင်း အာရုံကိုဖြေလျော့ကြည့်ပြီး အမှန်ကိုစဉ်းစားနိုင်စွမ်း ရှိဖို့လိုပါမည်။

ငွေ၏အပူများကို မိမိဘာသာနှစ်ခုသောအတွေးနှစ်ခုပေါ်မှာ အားပြု၍ ဖယ်ရှားသင့်ပါမည်။

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

(၁) ငွေ၏တန်ဖိုးအပေါ် စိတ်သဘောပိုင်းဖြတ်မှုသည် ဖြုန်းတီးခြင်းအပိုင်းထက် ရှာဖွေစုဆောင်းခြင်းပေါ်တွင် ပိုမိုအားပြုအပ်ခြင်း။

ငွေကို ပိုမိုအကုန်အကျနည်းပါးလိုမလား၊ မိမိလက်ထဲမှာ ငွေဘယ်ရွေ့ဘယ်မျှရှိနေတာကို အဦးဆုံး စဉ်းစားရမည်။ ထို့နောက် မိမိရဲ့ စိတ်လှုပ်ရှားမှုအကျိုးရလာဒ်အတွက် ဘယ်ကဲ့သို့ အကောင်းဆုံး အသုံးပြုရမည်ကို တွေးရလိမ့်မည်။

ထိုအခါ တကယ်အရေးမကြီးသော အသေးအဖွဲ အပေါ်သုံးဖြုန်းနေစရာ အကြောင်းများမှ အဖတ်ဆယ်ယူနိုင်သွားမည်၊ အသေးအဖွဲ့များအတွက် စိတ်လှုပ်ရှားစရာမကျန်ရစ်သည့်အခါ စိတ်ဖိစီးတင်းကျပ်နိုင်မှု အကြောင်းက နည်းပါးသွားရမည်၊ အသေးအဖွဲ့မှာ အသုံးမပြုရလိုက်သော အရင်းအနှီးက မိမိလက်ထဲမှာ စုဆောင်းများပြားလာပြီး အကြီးအမားကို ဝယ်ယူနိုင်သွားသည့် အဆင့်ကို ဆိုက်လာစရာရှိလိမ့်မည်။

ပစ္စည်းအကြီးအမားတစ်ခုခုဝယ်ယူဖို့ စိတ်သောက တက်နေလျှင် တခြားဝယ်သင့်၊ မဝယ်သင့်သည့် အကြောင်းအရာလေးများကို မိမိဘာသာစိစစ်ဖယ်ရှား၍ စုဆောင်းဖန်းတီး ယူရပါလိမ့်မည်။ ထိုအခါ အကြီးအမားဝယ်လာနိုင်သည့် အခြေအနေရောက်လာရသည်နှင့်အမျှ ငွေအတွက်ပူပန်ရသောစိတ်သောကပါကင်းဝေးလျက် ကိုယ်စွမ်းကိုယ်စ ယုံကြည်ချက်ကပါ တိုးတက်လာလိမ့်မည်မလွဲ။

www.burmeseclassic.com



ငွေကို ချွေတာစုဆောင်းတတ်သည့် အရသာပါ သိလာလျက် အသုံးနှင့်အဖြုန်းကိုပါ သီးခြားခွဲမြင်လာလိမ့်မည်။ ငွေ အသုံးနှင့် အဖြုန်းတိုင်းကို ဆုံးဖြတ်ချက်နှင့်အညီ ပြုလုပ်တတ်လာသည့်အခါ ငွေအတွက် ပူပန်ရသော စိတ်ခံစားချက်သည် ဦးခေါင်းထဲက ထွက်ခွာသွားလိမ့်မည် ဧကန်မုချပင်။

(၂) မိတ်ဆွေ နေတတ်မည်ဆိုပါက အတိုင်းအဆလုပ်ထားသည့် ငွေပေါ်တွင်သာ နေထိုင်ဖို့ကြိုးစားအပ်ခြင်း။

စိတ်လှုပ်ရှားမှုတိုင်းနောက်သို့ လိုက်ပါမသွားဘဲ အသုံးနှင့် အဖြုန်းကို စိစစ်နေထိုင်သွားနိုင်မှသာ အတိုင်းအဆနှင့် သတ်မှတ်ထားသော ငွေတွေနှင့် နေထိုင်ရသမျှက အဓိပ္ပာယ်ရှိလိမ့်မည်သာတည်း။

သာယာမှုအတွက်သာ အသုံးချရသော ငွေဟူသမျှသည် အတိုင်းအဆထားကာ သုံး၍ရနိုင်မည်မဟုတ်ပြီ။ သာယာမှုမှ တစ်ဆင့် ငွေများသိမ်းပိုက်ခွင့်ရလာပါကလည်း မိတ်ဆွေရဲ့ စိတ်လှုပ်ရှားတာတွေ ကျိုးပေါက်သွားရလိမ့်မည်။ ထို့ထက် စိတ်လှုပ်ရှားတာတွေ နောက်ပိုလိုချင်မည်။

နားထောင်သူနှင့် ဟောပြောသူအဖြစ် ချွေတာသူနှင့် သုံးဖြုန်းသူကို အမည်တစ်ခုစီတတ်ပေးထားသည်။ ကိုယ့်စိတ် သည် နားထောင်သူ (ဝါ) ခံယူသူဖက်က အနေများလာသည့်အခါ ငွေ အတွက် စိတ်လှုပ်ရှားစရာကော ကြောက်စရာပါရှိလာလိမ့်မည် မဟုတ်

www.burmeseclassic.com



ပြီ အမှန်။ မိတ်ဆွေသည် ရင်ထဲက "နားထောင်စိတ်"နှင့် ထိတွေ့နိုင်ခြင်းလည်း မရှိ။ သဘောပေါက်နားလည်မှုလည်း မရသည့် အခါ ငွေအတွက် မလိုအပ်သောစိတ်၏ တင်းကျပ်ခြင်းနှင့်ပူပန်ခြင်း တို့က ဖြစ်လာရစမြဲ။

**(၁) ငွေကို တန်ဖိုးပိုင်းဖြတ်ရာတွင် ဖြုန်းတီးမှုထက် ချွေတာမှုတွင် အားထားနေထိုင်ခြင်း။**

**(၂) ပိုင်းခြားထားသည့် ငွေပေါ်တွင်သာ နေထိုင်ဖို့ကြိုးစားအပ်ခြင်း စသည်တို့မှာ**

ခေါင်းစားနေရသော ငွေအတွက် ပူပန်မှုကို ဦးခေါင်းထဲက ပယ်ဖျက်ရသည့်နည်း တစ်ခုပင်ဖြစ်တော့သည်။

♦ ♦ ♦

www.burmeseclassic.com

အခန်း (၁၀)

## ဆန့်ကျင်ဘက်ချစ်သူကိုဆွဲဆောင်စေနည်း

အသက် ၃၂နှစ်ရှိ ဂျိမ်းစ်ဒီသည် စက်ရုံလေးတစ်ခုထဲတွင် အစုရှယ်ယာပါဝင်မိသည်။ အစုရှယ်ယာဟုပြောရမည်ထက် တစ်ဝက်စီစပ်တူအဖြစ် ပါဝင်သည်ဟုပြောကပိုမှန်မည်။ သူ၏ရင်းနှီးမြှုပ်နှံမှုကပိုများနေသည်။ ငွေတွေကမြှုပ်လေလေ. . . ပေါ်မလာလေလေဖြစ်နေသည်။ သူက ဝါသနာပါလာလို့သာ ဝင်လုပ်သည်။ အကျိုးအမြတ်နည်းနေသောအခါ စိတ်ဝင်စားမှု နည်းပါးလာရသည်။ သူအဓိကရလိုချင်တာက ရင်းနှီးမြှုပ်နှံမှုထဲက အမြတ်အစွန်းခပ်များများရလာဖို့. . . ငွေတွေလက်ထဲ အများကြီးသိမ်းပိုက်နိုင်လာရေး. . .။

မှန်းချက်နှင့်နှမ်းထွက်ကွာနေသည့်အခါ သူ့စိတ်က စိတ်ကူးယဉ်ချင်သည့် အကြောင်းဘက်လှည့်သွားရသည်။ စိတ်ပျံ့ကြဲ

www.burmeseclassic.com



လွင့်ပါးသွားရသည့်သဘော. . . ထိုအခါ သူ့စိတ်ပိုင်းဆိုင်ရာက အလွန်တရာဆွဲဆောင်နိုင်မည့် ဂရေ့စ်ဆိုသည့် လုပ်ဖျဖြူဘက်လှည့် သွားစေသည်။ အသက် ၂၈ နှစ်ရှိနေပြီ. . . ဂရေ့စ်၏ မိခင်က မိမိသမီးကို ဂျိမ်းစ်ဒီနှင့် သဘောတူ၏။ သူ့သားမက်ကို ဂရေ့စ်၏ မိခင်က ယုံစားထား၍ စေ့စပ်ရုံသာစေ့စပ်ပေးထားစေပြီး ထိမ်းမြား ခြင်းကို နောက်မှပင်လုပ်မည်ဆိုကာ လက်ခံထားလိုက်သည်။ သူများ တွေကလာ၍ ဒါကိုအပြစ်ကိုပြောသည့်အခါ "အို. . စိတ်ချပါရှင် . . ကျွန်မသားမက်က မိန်းကလေးမြင်တိုင်း . . . မျက်လုံးကော စိတ်ကော မကစားတတ်ပါဘူး. . သူက တခြားမိန်းကလေးကို စိတ်ဝင်စားလို့ရမှာ မဟုတ်ဘဲ ကျွန်မသမီးမှ ကျွန်မသမီးပဲ ဖြစ် နေတာပါရှင်" ဟူ၍ ပြန်ဖြေပစ်တတ်သည်။

ဂရေ့စ်သည် တစ်နေ့ကျတော့ သူနှင့်ညီမဝမ်းကွဲတော်လေသူ ဘာဘရာ့အားနေအိမ်သို့ ဖိတ်ခေါ်မိသွားသည်။

ဘာဘရာသည်လည်း အပျိုတစ်ဦး. . . သို့သော် ယောက်ျား သားစိတ်မဝင်စားနိုင်အောင်ပင် အလှအပကစိုးစဉ်းမျှမရှိ။ အဝတ် အစားကို သပ်ရပ်အောင် ဆင်ယင်ထုံးဖွဲ့တတ်တာလွဲလို့ သိပ်ပပ လွှားလွှားနှင့် မျက်စေ့ ဖမ်းစားနိုင်အောင် မဆင်ယင်တတ်ခဲ့။ အသက်အားဖြင့် သူက ဂရေ့စ်ထက် ၃ လခန့်ပိုကြီးနေသေး. . . သို့သော် ဆံပင်ကို Buster Brown ပုံအတိုညှပ်ထား၏။ အသက် ငယ်သယောင်ယောင်တော့ရှိနေ၏။

www.burmeseclassic.com



ဂရေ့စ်သည် လက်ထပ်ပြီးစီးသည့် အချိန်တွင် ဂျိမ်းစ်ဒီ ဝါသနာပါနေသည့် စက်ရုံထဲ အစုရှယ်ယာဝင်နေသည့် အလုပ်ကို ဆက်မလုပ်ချင်. . . ထိုအကြောင်းကို တိတိလင်းလင်းပြော မိသည်။

တစ်နေ့တွင်တော့ ထိုလျှို့ဝှက်ချက်ကို ဂရေ့စ်က မိမိ ညီအစ်မ ဝမ်းကွဲဘာဘရာ့ကိုပါ ပြောမိသွားသည်။ ဒါက ဘာဘရာ့အဖို့အခွင့် အလမ်းတစ်ခု. . .

ဂျိမ်းစ်ဒီနှင့်ခင်မင်ရင်းနှီးလာရသော ဘာဘရာ့အဖို့ တစ်နေ့ ထိုအခွင့်အလမ်းကို အသုံးချဖို့ အကြောင်းပေါ်လာသည်။

"ကျွန်မလက်ထပ်ယူရမယ့် ယောက်ျားဟာ ကျွန်မကို အမိန့် ပေးနိုင်မယ့် ယောက်ျားသားပဲဖြစ်ရမယ်. . . ပြီးတော့ အိမ်ဆိုတာ သူ့ရဲ့နန်းတော်. . . သူကဘုရင်. . . သူအုပ်ချုပ်တာကို အားလုံး နာခံရမယ်ဆိုတဲ့ စည်းမျဉ်းသတ်မှတ်ချက်ပေးထားမယ်"

ဘာဘရာ့ထံမှ ထိုစကားကြားရသည့်အခါ ဂျိမ်းစ်ဒီအဖို့ အ တော်ထူးဆန်းသွား၏။ ထိုစကားမျိုးကို ဂရေ့စ်ထံပါးမှ တစ်ခါမျှ ပင်မကြားဖြစ်ခဲ့ရ. . .။ ကဲ. . . ဆက်ပြောလာသည့် စကားတွေ ကို ကြည့်ပါဦး. . .

"ကျွန်မလက်ထပ်ပြီးသွားတဲ့အခါ. . . ခင်ပွန်းက ဒါဆို. . . ဒါပဲဖြစ်ရမယ်. . . ဘယ်တော့မှဟင့်အင်းဆိုပြီး ငြင်းဆန်မယ့် မိန်းမ မဖြစ်စေရဘူး. . . သူတောင်းသလောက်ကို ကျွန်မ ဖက်က

www.burmeseclassic.com



တတ်နိုင်တာပေးနိုင်စွမ်းရမယ့် ဇနီးမယားပဲဖြစ်နေစေရမယ်. . . ငွေမရှိရင် ကျွန်မစုဆောင်းထားတဲ့ ထဲကနေဖြစ်စေ. . . မိဘငွေထဲကနေဖြစ်စေ ခင်ပွန်းလုပ်ချင်တဲ့လုပ်ငန်းအတွက် အဆင်သင့်လုပ်စေနိုင်စေရမယ်. . . ကျွန်မရဲ့ အချစ်ဆိုတာ ကျွန်မခင်ပွန်းရဲ့ လိုအပ်ချက်မှန်သမျှကို စိတ်အားဖြင့်ကော. . . ကာယအားဖြင့်ပါ ဖြည့်စွက်တဲ့အချစ်ပဲ ဖြစ်စေရမယ်"

ထိုစကားလုံးတို့သည် ဂျိမ်းစ်ဒီ၏ စိတ်ထဲကနားထောင်သံကို ဆွဲဆောင်စေလိုက်ပါပြီတည်း။

နောက်တစ်နေ့ည ဂျိမ်းစ်ဒီ၏ ဖုန်းဆက်သွယ်သံက ဘာဘရာ့၏ အခန်းထဲသို့ရောက်သွားတော့သည်။ သူနှင့် နှစ်ယောက်တည်းတွေ့ကြဖို့ချိန်းဖြစ်၏။ ပြီးတော့. . . ထိုမှ တစ်လအကြာမှာပင် ရည်စူးထား. . . စေ့စပ်ထားသော ဂရေ့စ်နှင့် မင်္ဂလာပွဲပြုလုပ်ဖို့ကတိကိုဖျက်သိမ်းလိုက်လျက် ဘာဘရာနှင့် အတည်ထိမ်းမြားသွားတော့သည်။

ဘာဘရာသည် ဂရေ့စ်ထက် နှိုင်းယှဉ်မသာအောင် အကျည်းတန်သည် မှန်သော်လည်း ဂျိမ်းစ်ဒီ၏ ရင်ထဲက စိတ်စောနေသော အားနည်းချက်များကို သိရှိနေခဲ့သူဆိုက မှားမည်မထင်။ ဂျိမ်းစ်က စက်ရုံလုပ်ငန်းထဲမှာ အစုရှယ်ယာအဖြစ် ရပ်တည်နေရမည့်အစား စက်ရုံလုပ်ငန်းပိုင်ဆိုင်သူသာ ဖြစ်ချင်နေသည်။ သည်အတွက် လိုအပ်နေတာက ငွေ. . . ဂရေ့စ်ကမူ ဂျိမ်းစ်ဒီ လိုအပ်နေသော

www.burmeseclassic.com



ငွေကိုထုတ်ပေးနိုင်သည်ဟုအားမပေးနိုင်သည့်အပြင် ထိုသို့လုပ်နေတာကိုပင် ကြိုက်ဟန်မပြ. . . မိမိခင်ပွန်းဖြစ်လာမည့် ဂျိမ်းစ်ဒီကို တခြားကိုယ်ပိုင်လုပ်ငန်းသာ ပြောင်းလုပ်စေချင်၏။ ဂျိမ်းစ်ဒီက တခြားအလုပ်ဆိုလျှင် စိတ်မဝင်စား. . . စက်ရုံသူဌေးကလေးဖြစ်လာဖို့သာ စိတ်သိပ်ပြင်းပြနေ၏။ ဒါကို ဂရေ့စ်ကမသိ ထိုရောအခါ မိမိဖြစ်ချင်တာ အကုန်ဖြစ်စေရမည်ဟူသော အပြောမျိုး တခြားသူ အမျိုးသမီးတစ်ဦးဆီက ကြားလာရသည့်အခါ ဂျိမ်းစ်ဒီဖက်မှ စိတ်လည်သွားရသည်မှာ ဘာဆန်းတော့မည်နည်း။

ယင်းသာဓကိုကြည့်ပါက လူ၏အပေါ်ယံဆွဲဆောင်မှု အလှအပသည် လူသားတစ်ဦး၏နှလုံးသားကို တကယ်ပင် ဆွဲဆောင်မစွမ်းနိုင်၊ စိတ်လှုပ်ရှားမှုနှင့် ယှဉ်၍ ဆွဲဆောင်လာနိုင်သောအခါမှသာ တကယ်ပင် စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိနိုင်လိမ့်မည်တည်း။

သို့မို့ကြောင့်

နှလုံးသားကို စိုးမိုးနိုင်မှု၊ ဆွဲဆောင်နိုင်မှုအကြောင်းတို့တွင် သူ၏စိတ်ပိုင်းဆိုင်ရာကို ငြိနိုင်သောအကြောင်းရှိမှသာ ကိုယ်ဖြစ်ချင်ရာကို စေစားနိုင်မည်ဖြစ်ကြောင်း သိရှိထားရချေမည်။

အောင်မြင်နေသော လုပ်ငန်းတစ်ခုနှင့် ထင်ပေါ်နေသော အနုပညာလုပ်စားနေကြသူများသည် လူ၏ နှလုံးသားလှုပ်ရှားနိုင်မှုအကြောင်းနှင့်ယှဉ်၍ လုပ်ကိုင်လှုပ်ရှားနေကြသူများပင်ဖြစ်

www.burmeseclassic.com



နေကြသည်။ လူ၏စိတ်နှလုံးသားကို ဆွဲဆောင်မှုမရှိချေက မည်သို့သော လုပ်ငန်းပင်ဖြစ်စေ အောင်မြင်မှုရရန် ခဲယဉ်းလှကြောင်း နားလည်ထားသင့်ပါမည်. . . လူ၏ စိတ်နှလုံးသားနှင့် ယှဉ်နေသော ဆန္ဒခံစားလိုလားချက်ကို ဖြည့်စွမ်းနိုင်မှသာလျှင် အောင်မြင်သော အကြောင်းတစ်ခုဖြစ်နေတော့သည်။

လူသားတိုင်းသည် **'အနာဂတ်ကိုကောင်းမွန်မှုမျှော်လင့်ချက်'** ပေးနိုင်သော ကိစ္စတိုင်းပေါ်တွင် စိတ်ဝင်စားမြဲရှိသည်။ သူစိတ်စောနေသော ကိစ္စတစ်ခုပေါ်တွင် မိမိဖက်က မျှော်လင့်ချက် အားဖြည့်ပေးနိုင်မည်ဆိုက သူသည် မိမိစေစားချင်တာမှန်သမျှ လိုက်နာလုပ်ဆောင်လိမ့်မည်မလွဲ. . . မိမိ ပြောသောစကားတိုင်းကို ထိုသူသည် ခေါင်းညိတ်နားထောင်နိုင်မှာအမှန်. . . ။

စာရေးသူအားတစ်နေ့တွင် နွေရာသီအားလပ်သူများ အပန်းဖြေရာ ဟိုတယ်ဆီသို့လာရောက်၍ တရားဟောရန် ပင့်ဖိတ်ခံလိုက်ရသည်။ သို့ဖြင့် ညနေ ၃ း ၀၀ နာရီတွင် ဟောပြောပေး မည့်အကြောင်း ကတိပေးလိုက်သည်။ ဟောပြောရမည့် အကြောင်းအရာခေါင်းစဉ်ကို “ဘဝမှာ ပျော်ရွှင်စွာနေနိုင်ဖို့အတွက် စိတ်ဆန္ဒဆွဲဆောင်နည်းပညာ” ဟောပြောပေးမည့်အကြောင်း ကြေညာခိုင်းလိုက်ပါ၏။

ထိုဟောပြောမည့် နေ့ရက်မတိုင်မီ ၃ ရက်အလို စာရေးသူ

www.burmeseclassic.com



ထံ လူတစ်ယောက်ဖုန်းလှမ်းဆက်၏။ သူက စာရေးသူဟောပြောမည့်အကြောင်းအရာ၏ ခေါင်းစီးကို ပြင်ဆင်ခိုင်းရန် အားနာသော်လည်း ကောင်းမွန်သော အကြံဉာဏ်တော့ပေးခဲ့ရှာ၏။

"ဆရာ့အနေနဲ့ ခေါင်းစဉ်တစ်ခုကို အတည်ပြုလိုက်တာတော့ ကျွန်တော်ဘာမှမဝေဖန်ချင်ပါဘူး. . . ဒါပေမယ့် ဆရာဟောပြောရမယ့်ခန်းမဆိုတာ ဟိုတယ်ပါခင်ဗျာ. . . ဟိုတယ်ဆိုတာ နွေရာသီအပန်းဖြေချင်ကြသူတွေ ရောက်နေတဲ့နေရာမျိုးရယ်ပါ။ ဒီတော့ အဲဒီထဲမှာ ချစ်သူရှာလိုချင်ကြမယ့် မိန်းကလေးတွေ. . . ချစ်သူမရခဲ့ကြလို့ ကြေကွဲသူတွေ ဘယ်လောက်ပါနေမလဲဆိုတာ ဆရာစဉ်းစားကြည့်ပါ။ သူတို့ဒီမှာ ရောက်နေတဲ့ နှစ်ပတ်အတွင်း သူတို့ခံစားချက်ကို ဖြည့်သိပ်ပေးနိုင်မယ့် ဟောပြောမှုဆိုတာကို ကြားချင်နေကြမှာ မလွဲဘူး. . . ဆရာ့ဟောပြောမယ့်ခန်းမထဲမှာ လူတွေဒီထက်ပိုများဖို့ကို မလိုလားဘူးလား"

စာရေးသူက သူ့အားကျေးဇူးတင်စကားဆိုလိုက်ပြီး တနင်္ဂနွေတစ်ပတ်မတိုင်မီအတွင်း စာရေးသူဟောပြောမည့် ခေါင်းစီးကို ယခုကဲ့သို့ ပြောင်းကြည့်လိုက်ပါသည်။ "ချစ်သူ တစ်ယောက်ရလာဖို့အတွက် နှလုံးသားကို ဆွဲဆောင်နည်းပညာ"

စာရေးသူ၏ ပရိသတ်အပေါင်းခန်းမတစ်ခုလုံး ဝက်ဝက်ကွဲသွားခမန်းရှိသည် အထူးတင်ပြစရာမလိုပြီ. . . အချို့တို့

www.burmeseclassic.com



သည် စာရေးသူဟောပြောနေသမျှ အကြောင်းတို့ကို စာအုပ်၊ ခဲတံ၊ ဖောင်တိန်တို့နှင့်ပင် ရေးမှတ်နေကြ၏။

♦ ♦ ♦

တစ်ခါက ကုမ္ပဏီတစ်ခုမှ အင်တာဗျူးလုပ်ရန် ခေါ်နေသည်ကို လူများစွာက ကုမ္ပဏီကြီး၏ ကြီးမားသော အရှိန်အဝါကိုကြည့်၍ ဝင်မဖြေကြရဲဘဲနှင့် ရှိနေကြသည်။ ထိုအခါ ထိုကုမ္ပဏီက အင်တာဗျူးလုပ်ရန် ရောက်လာသူတို့အတွက် အောက်ပါစာလုံးများဖြင့် ခေါင်းစီးတတ်လိုက်သည်။ "ကျွန်တော်တို့ရဲ့ ကုမ္ပဏီရဲ့ စနစ်ကတော့ ကျွန်တော်တို့ ပုံစံအတိုင်း နင်းလျှောက်ရုံနဲ့ ငွေတွေသုံးမကုန်နိုင်အောင်ထုတ်ပေးဝံ့တဲ့ ကုမ္ပဏီပါပဲ"

"အပင်ပမ်းခံပြီးရှာဖွေရုံနဲ့. . . လောင်းကစားလုပ်ပြီး ရှာဖွေရုံနဲ့ ဘယ်နေရာမှာများ တစ်နှစ်ကိုဒေါ်လာ ၆ သောင်းကျော် အထိလခကို စိတ်ချလက်ချနဲ့ရနိုင်ပါမလဲ" ထိုကြေညာချက်ပါလာသော အခါ မည်သူသည် စိတ်မဝင်စားဘဲ. . . အင်တာဗျူးဝင်မဖြေဘဲ ရှိပါတော့မည်နည်း။

လူတိုင်းလူတိုင်းသည် အနာဂတ်အတွက်ကတိပေးနိုင်သော အလုပ်တာဝန်တိုင်းကို စိတ်လှုပ်ရှားမိကြစမြဲရှိနေသည်။

♦ ♦ ♦

www.burmeseclassic.com



တစ်ခါက မစ္စစ်'အက်စ်'ဆိုသူ ကျောင်းဆရာမတစ်ဦးသည် ကျောင်းသားတစ်ဦးအား "မိန်းမသားတွေ ဘာကြောင့် ရေမွှေးဆွတ်သင်သလဲ" ဆိုသော ခေါင်းစဉ်နှင့်ပတ်သက်၍ လက်တွေ့ပညာစမ်းမှုပြုလုပ်သည်။

ထိုကျောင်းသားနှင့်အတူ ကျောင်းသူတစ်ဦးကို သူ့ရှေ့သို့လာရောက်ယှဉ်ရပ်စေ၍ ကျောင်းသားအားမေးခွန်းထုတ်လိုက်သည်မှာ. . .

"မင်းရဲ့ဘေးမှာ ရပ်နေတဲ့ မိန်းကလေးမှာ ထူးခြားတာဘာရှိသလဲ"

ထိုအခါ ကျောင်းသားက ကျောင်းသူထံကြည့်ပြီး ခေါင်းကိုယမ်းပြလာ၏။ "အင်း. . . ကျွန်တော်သတိထားမိတာတော့ လှတယ်ဆိုတာပါပဲ" မချိုမချဉ်အပြုံးဆောင်လိုက်ရာက "ဒီထက်ထူးခြားတာတော့ ရှိမယ်မထင်ဘူး"

မစ္စစ်အက်စ်က "ကျေးဇူးပဲ. . . မင်းခဏစောင့်နေဦးနော် . . . ခုပြန်လာခဲ့မယ်" ဆိုလျက် ကျောင်းသူအား အခန်းတစ်ခုအတွင်းခေါ်သွား၏။ တစ်ခဏအကြာ ပြန်ထွက်လာ၏။

"ကဲ အခုကော အစောကထက် ကွာသွားတာ ဘာရှိသလဲ"

ကျောင်းသားနှာတစ်ရှုံ့ရှုံ့လုပ်လာရာက. . .

"အားပါး. . . စောစောကနဲ့မတူအောင် ကွာတာတော့ အနံ့ပဲဗျ. . . အနံ့ပဲ. . . ဟာ. . . မွှေးလိုက်တာဗျာ"

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

ရေမွှေး၏ပျံ့သက်သော အနံ့အသက်တစ်ခုသည် လူ့စိတ်ကို ဆွဲဆောင်ရာတွင် ကောင်းသောလက်နက်တစ်ခုဖြစ်နိုင်မှန်း သိနိုင်လောက်ပေမည်။ လူတစ်ဖက်သား၏ စိတ်ဆန္ဒကို ဆွဲဆောင်ယူရာတွင် ကိုယ်သင်းရနံ့သည် အလွန်အရေးကြီးလှကြောင်း နားလည်နိုင်မည်ဖြစ်သည်။

မိန်းမသားတွေ အနေနဲ့ လူချစ်လူခင် များစေချင်လျှင် ရေမွှေး ရနံ့လေး ကြိုင်သင်းနေဖို့ လိုပါမည် . . . ရေမွှေးသည် ဆန့်ကျင်ဖက် လူသားတစ်ဦးကို စိတ်ကူးယဉ်မှုပေးနိုင်သော ချစ်ရနံ့ တစ်ခုပင် မဟုတ်ပါလား . . ။

♦ ♦ ♦

www.burmeseclassic.com

အခန်း (၁၁)

## လူကြိုက်များအောင်လုပ်ရာ၌ စိတ်အချရဆုံး ဆွဲဆောင်နည်း

ပြောသူနှင့် နားထောင်သူတို့အကြား၌ ကျေနပ်နိုင်သည့် ခံစားချက်ရှိနေမှသာလျှင် နားဆင်နေသူက ကြားနေသမျှစကားတို့အား အာရုံရှိရှိ သတိထားမှုရှိရှိနှင့် ပြောသူအပေါ် အလေးအနက်ထားမည်သာတည်း။

မိမိက စကားပြောရသူနေရာသို့ ရောက်နေသည့်အခါ ပထမဦးဆုံးနားလည်မည့်အရာကား မိမိပြောမည့် အကြောင်းအရာထဲတွင် အိမ်ကနေပါလာသည့် စိတ်သောကပြဿနာများ၊ သားသမီးများနှင့် ပတ်သက်သည်များ၊ မိမိဆုံးရှုံးခဲ့ရသည်များ၊ ဘ၀အတွက် ညည်းညူသံများ စသဖြင့် ပါမသွားဖို့ပင်ဖြစ်သည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် ယင်းအချက်က သိပ်ကိုအရေးကြီးလွန်းလှသည်။ ယင်းအပြင်

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

သိလိုသူမေးနေသမျှဖြေရာတွင်လည်း အပြုံးကို ဆောင်နိုင်သမျှ ဆောင်၍ ယဉ်ကျေးလိမ္မာမှု အတန်ငယ် စွက်ဖက်ထားနိုင်သမျှ စွက်ဖက်ထားရမည်။

ကိုယ့်ဘက်မှ မစွမ်းဆောင်မလုပ်ကိုင်နိုင်သည့်အရာများကို ပြောနေခြင်း၊ ဝမ်းနည်း ကြေကွဲဖွယ် အဖြစ်အပျက် တွေအား တင်ပြနေခြင်း၊ ကံမကောင်းသည့် အကြောင်းတွေနှင့် ကျန်းမာရေး ချို့ယွင်းနေသည့်ကိစ္စများကို ညည်းညူပြနေခြင်းသည် နားထောင် နေသူဖက်မှ အသိအမှတ်ပြုလာလိမ့်မည်ထင်သလား၊ ဝေးစွပါပင်၊ ကိုယ့်ကိုကိုယ် ညှာတာငဲ့ကွက်နေသော စကားလုံးတို့သည် တစ်ဖက် လူ၏ စိတ်စောနေသော ကိစ္စထဲသို့ ဖောက်ဝင်နိုင်ဖို့ခဲယဉ်းသော အကြောင်းရပ်သာ ဖြစ်လိမ့်မည်။

စကားပြောတော့မည့်အခါတိုင်းမှာ စိတ်ကို မိမိခံစားချက် ထဲမှာ ထားရမည့်အစား နားထောင်နေသူဖက်မှဝင်၍ ခံစားကြည့် တတ်ရမည်။ ယင်းသည်သာ စကားပြောကောင်းသူတို့၏ ဆွဲဆောင် အား တစ်ခုဖြစ်နေသည်။

ဥပမာ တစ်ခုပြပါမည်။ လေ့လာကြည့်ပါ။

"ကျွန်တော့်အနေနဲ့ ခင်ဗျားရဲ့ ဧည့်ခံပွဲကိုမလာသင့်ပါဘူး" ထိုသို့ ပြောလာသူသည် ဧည့်ခံနေသူ အိမ်ရှင်နှင့် ဧည့်သည် နှစ်ယောက် စကားပြောဆိုနေစဉ်တွင် ဖြတ်ပြောခြင်း ဖြစ်သည်။ ပြီးတော့ ကြည့်ပါ။ "ခင်ဗျားရဲ့ ဧည့်ခံပွဲကို ဝင်လာ မိတော့မှပဲ

www.burmeseclassic.com



ကျွန်တော် နှာတချေချေနဲ့ ဖြစ်ရတယ်။ ပြီးတော့ ကျွန်တော့်ပါး ပေါ်က ဝက်ခြံလည်းပြီပေါက်ရတော့တယ်။ ကျွန်တော့်အနေနဲ့ အိပ်ရာထဲမှာပဲ အိပ်နေသင့်တာ”

ထိုအခါ အိမ်ရှင်ဘက်က ဘယ်လိုပြန်ချေပလိမ့်မယ်ထင် ပါသလဲ။

“ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကလည်း ခင်ဗျားကို ဖိတ်မိတာ မှားသွားပါတယ်၊ ခင်ဗျားအနေနဲ့ အိမ်မှာပဲ နားနေသင့်ပါတယ်။ ကျုပ်တို့လည်း ဧည့်ခံရတဲ့ ကိစ္စတွေနဲ့ ကျုပ်တို့ဘာသာအလုပ်ရှုပ် နေတာ။ ကျုပ်ခင်ဗျားကို အခုလို လက်ခံပြောနေတာတောင် လွန်လွန်းလှနေပါပြီ”

ထိုစကားကို နှုတ်မှထုတ်ဖော်မပြောတောင်မှပင် စိတ်ထဲက ပြောနေလိမ့်မှာ မလွဲ။

ထိုသာဓကကိုကြည့်က ကိုယ့်ခံစားချက်ထက် တစ်ဖက်သား ၏ ခံစားချက်ကို ဦးစားပေးရမည့် သဘောက ပိုအရေးကြီးနေသည်။ နေရာတိုင်း၌ မိမိခံစားချက်သည် သိပ်အရေးပါနေပြီ မဟုတ်ပြီ။

ယင်းအချက်ကို စိတ်ဆန္ဒဆွဲဆောင်နည်းပညာ သင်ယူနေ သူသည် အမြဲပင် သတိရှိနေသင့်၏။

**“စကားပြောနေသူသည် နားထောင်နေသူထက် ဘယ် အခါမျှ သာလွန်စွာ အရေးကြီးနိုင်လိမ့်မည်မဟုတ်”** ယင်းအချက် ကို အမြဲမမေ့ပါနှင့်။

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

မိမိပြောဖို့အကြောင်းရှိလာရခြင်းသည် နားထောင်သူရှိ၍ ဖြစ်သည်။ စာရေးဆရာ စာရေးသားခြင်းသည် ဖတ်သူကို အားကိုး၍ ဖြစ်သည်။ ဈေးသည်တစ်ဦး ဈေးရောင်းနေခြင်းသည် ဝယ်သူအား အမှီပြု၍ဖြစ်သည်။ ရှေ့နေနာမည်ကြီးလာရခြင်းသည် အမှုသည်၏ လိုလားချက်ကိုဖြေရှင်းပေးနိုင်၍ဖြစ်သည်။ ကိစ္စတိုင်းသည် တစ်ဖက်လူနှင့် ကူးလူးပတ်သက်နေစမြဲရှိသည်။ သို့မို့ကြောင့် တစ်ဖက်လူသည် မိမိထက် အမြဲအရေးကြီးနေရစမြဲ။

စိတ်လှုပ်ရှားမှုကို ဆွဲဆောင်နည်းပညာဆိုသည်မှာ မိမိ၏ စကားလုံးလှုပ်ရှားမှုတို့၏ ပြယုဂ်ဖြင့် တစ်ဖက်လူအား စိတ်ပျော်ရွှင်မှုပေးရခြင်းပါပဲ။ ထို့ကြောင့် စကားလုံးတို့နှင့် လှုပ်ရှားမှုတို့သည် မိမိစိတ်၏ ထိန်းချုပ်မှုအောက်ထဲမှာပင် ရှိနေရပါမည်။ ထိန်းချုပ်မှုကင်းစွာ ဆက်ဆံမှုတို့သည် ဆိုးရွားသော စိတ်လှုပ်ရှားမှုကိုသာ ကူးလူးစေမည်ပါပဲ။

မိတ်ဆွေပြောရာကို နာယူရမည့်သူသည် အရေးကြီးသည့်နေရာတွင်သာ အမြဲရှိနေတာ သတိရနေဖို့သာလိုမည်။

၁၀နှစ်သားအိမ်နီးနားချင်း ချာတိတ်ပင်ဖြစ်နေပါစေ။ မိမိက တစ်ခုခု အကူအညီရယူလိုသည့်အခါ သူ့ စိတ်ပိုင်းဆိုင်ရာနေရာမှ ဝင်ကြည့်ပြီးမှ သူ့အားစေခိုင်းရပါမည်။ ဒီလိုမှ မဟုတ်ဘဲ အမိန့်သံနှင့် ပြောမိလိုက်ပါက "ခင်ဗျားကြီးဘာသာ သွားလုပ်ပါလား" ဟု ပြန်လှန်ပက်လိမ့်မည်။

www.burmeseclassic.com



နားထောင်သူတိုင်းတွင်လည်း ပြောသူကဲ့သို့ ခံစားချက်တစ်စုံတစ်ရာပေါ်ထွန်းနေမြဲပင်။ သူတို့မှာလည်း မပြေလည်နိုင်သောအကြောင်းများက ကိုယ်စီရှိနေမြဲပင်။ မိမိက သူခံစားချက်ကို မြင်သိနေသော စကားမျိုးနှင့် အမူအရာမျိုးကို လုပ်ဆောင်ပြရလိမ့်မည်။ ကိုယ့်ခံစားချက်ကိုသာ သိနေသောပုံစံမျိုး မရှိစေရ။

လူတွေ၏ အကြိုက်များခံရခြင်းသည် ဘာကြောင့်လဲ။ ရှင်းပါသည်။ လူတွေ၏ အကြိုက်များခံရခြင်းသည် မိတ်ဆွေက သူတို့ကို စိတ်ဝင်စားသောကြောင့်၊ သူတို့၏ပြဿနာကို နားလည်ပေးသောကြောင့်၊ သူတို့၏သားသမီးနှင့် သူတို့၏အောင်မြင်မှုများကို နားလည်ပေးသောကြောင့် ဖြစ်ရသည်မှလွဲ၍ တခြားမဖြစ်နိုင်။ မိတ်ဆွေ၏စိတ်က သူတို့၏စိတ်လှုပ်ရှားမှုထဲ ကူးလူးဝင်ရောက်နိုင်သောကြောင့်ပင် သူတို့က မိတ်ဆွေကို ပြန်လည်အကြိုက်တွေ့ခံစားရသည်။

ယင်းမှာ လူကြိုက်များအောင်လုပ်ရာ၌ စိတ်အချရဆုံး နည်းလမ်းတစ်ခုပင်ဖြစ်နေသည်။

♦ ♦ ♦

www.burmeseclassic.com

### အခန်း (၁၂)

## အကောင်းနှင့်အဆိုးကို တစ်ပြိုင်နက် လှည့်စားနိုင်သော စိတ်လှုပ်ရှားမှု

"တတူတူ"နှင့် မြည်ကြူးလာသော နာရီနှိုးစက်သံကလေးက "ဂလက်ဒီ"ဆိုသော မချောလေးကို အိပ်ရာကထခိုင်း၏။ မျက်လုံးကိုဖွင့် ခလုတ်လေးပိတ်၍ ခုတင်ပေါ်ကဆင်း၏။ နံနက် မိုးသောက်ချိန်၏ ငှက်မြည်သံတွေ စိုးစိုးစီစီ။ ဩော်. . (၆)နာရီခွဲပြီပဲနော်။

သူလေးက ကြည်လင်လန်းဆန်းသော စိတ်အာရုံကို နှလုံးသွင်းလိုက်သည်။ သည်နှယ် နှလုံးသွင်းတတ်နိုင်၍ အားအပြည့်ရှိသွားသယောင်ထင်သွား၏။ ပြတင်းတံခါးကိုဖွင့် အလင်းရောင်သမ်းစအချိန် အရမ်းကို ပျော်ရွှင်သွားသလိုပါပဲလားကွယ်။

"ဒီလိုသာယာလှတဲ့ နံနက်ခင်းလို ရက်ကလေးမှာ ငါဘာဝတ်စုံဝတ်ပြီး ခရီးဆက်လိုက်ရရင် ကောင်းမလဲ"

www.burmeseclassic.com



လိမ္မော်ရောင်ဝတ်စုံလှလှလေးဝတ်မယ်။ စိတ်ထဲက ရွေးချယ်ပြီးသည့်နောက် ကိုယ်ပေါ်သို့ ကောက်စွပ်သည်။ စိတ်ကို အပျော်အဖြစ်ခံစားနေရင်း သာယာသော တေးသွားလေးကို တီးတိုးကလေးညည်းလျက် နုရွသောခြေလှမ်းလှလှလေးတွေဖြင့် အပြင်သို့ ထွက်လာ၏။ ရွှေညိုရောင်ဆံပင်များထက်မှာ ကောက်ရိုးဦးထုပ် ဝါဝါကလေးဆောင်းလျက်သား။

၇ နာရီ မိနစ် ၂၀၊ ရပ်ဆိုက်လာသော ဘတ်စ်ကားဆရာအားအပြုံးချိုရီရီနှင့် နှုတ်ဆက်ပြီးမှ ကားပေါ်တက်ဖို့ပြင်၏။ ဘတ်စ်ကားဆရာ ခွန်းတုန့်ပြုံးကြည့်ရာက အံ့အားသင့်သည့်အမူအရာလေးနှင့်မေး၏။

“ဒီကနေ့လိုရက်မှာ ခရီးထွက်တယ်တဲ့လား မိန်းကလေး။ တချို့သိကြတဲ့လူတွေကတော့ ဒီရက်ကို အထူးပဲရှောင်ကြဉ်ကြတယ်လေ။ ဘာကြောင့်လဲဆိုတော့ သောကြာ ၁၃ ရက်နေ့ကျနေလို့”

“အို ဟုတ်ပါရဲ့တော်၊ ဒီကနေ့ သောကြာရက်လည်းဖြစ်နေ ၁၃ ရက်ကိုလည်း သွားပြီးကျနေပါကလား”

ဂလက်ဒီ ယခုမှ သတိရလိုက်၍ မျက်လုံးလေး ပြူးဝိုင်းဝန်းစက် သွားရသည့် အဖြစ်မျိုးသို့ . . . ကားပေါ်မှာ သေတ္တာနံဘေးအသာချထားလိုက်ပြီး ထိုင်ခုံမှာ ထိုင်လိုက်သော်လည်း ကြောက်စိတ်တစ်ခုခုက ရုတ်တရက်ဖမ်းစားသွားသလိုမျိုး. . .

“ဒရိုင်ဘာမစ္စတာဂတ်စ်ရှင့်. . . ကားကိုအရင်တုန်းကလို

www.burmeseclassic.com



ဝုန်းဝုန်းဒိုင်းဒိုင်း ကြဲတဲ့ပုံစံနဲ့ မမောင်းဘဲ ဖြည်းဖြည်းနဲ့ မှန်မှန်လေး မောင်းပေးပါနော်. . . အရင်ထက်လဲ ပိုပြီးဂရုစိုက်မောင်းပါ”

ဂလက်ဒီ၏ ကိုယ်ပေါ်တွင် နှိုးထစက အပျော်အာရုံတွေ အကုန်လုံးလွင့်စင်ပျောက်ကွယ်သွား၏။ ယင်းအစား ကျောတစ်လျှောက်ချွေးများလောင်းချသလိုပါပဲ ရွှဲရွဲစိုစိုရှိလာရသည်။ မျက်ခုံးတွေကလဲ လှုပ်သလိုလို. . . နှုတ်ခမ်းတွေကပဲ တုန်ယင်နေသလိုလို ကားကလမ်းတစ်လျှောက်လုံးဂလက်ဒီ၏ အလိုကျအတိုင်း ဘတ်စ်ကားမှတ်တိုင်တစ်ခုမှာဆိုက်သွားသည်အထိ ဖြေးဖြေးနှင့် သာလိမ့်လာခဲ့သည်။

“အို. . . ဘုရား. . . ဘုရား”

ဂလက်ဒီက ရုတ်တရက်ရေရွတ်မိအသွား ကိုရွှေဒရိုင်ဘာကစောင်းငဲ့ကြည့်၍. . .

“ဘာဖြစ်လို့လဲ . . . အိမ်မှာတစ်ခုခုများ မေ့ကျန်သွားလို့လား”

“အို . . . မဟုတ်ပါဘူး . . . မဟုတ်ပါဘူး . . . ကျွန်မဒီကနေ့ မနက်ကိုဘာနေ့ . . . ဘာရက် ဖြစ်မှန်းသတိမထားမိဘဲ . . . အိပ်ရာကထမိမိချင်း . . . ခါတိုင်းလိုပဲ အပျော် စိတ်ကလေး သွင်း . . . သီးချင်းကလေး တအေးအေးလုပ်နဲ့ ရှိနေခဲ့တာ . . . ပြီးတော့ . . . ကျွန်မဒီကနေ့မှ အိမ်ဝကို လျှောက်လာပြီး အပြင်ကို ပထမဦးဆုံး လှမ်းမိလိုက်တဲ့ ခြေထောက်ကလည်း

www.burmeseclassic.com



ဗယ်ခြေလှမ်းဖြစ်နေတာကိုလည်း သွားသတိရမိလိုက်လို့ပါ . . . ဒီကနေ့ဟာ သောကြာကလည်းသောကြာ . . . ၁၃ ရက်ကလည်း ၁၃ ရက် . . . ကျွန်မလှမ်းလိုက်တဲ့ ခြေလှမ်းကလည်း အိမ်ထွက် ဗယ်ခြေလှမ်းဖြစ်နေလို့ ဒီကနေ့တော့ ကံမကောင်းတာချည်း ဆုံရတော့မှာကို တွေးခြောက်သွားရတာပါ”

မည်မျှအံ့ဩစရာ ကောင်းပါသနည်း။ လောက၌ ဂလက်ဒီလို ယုံကြည်စွဲလမ်းမှုပေါ် တစ်ဘက်စောင်းနင်းရှိသွား၍ ရုတ်တရက် ခံစားချက်အာရုံပြောင်းလဲသွားသော လူမျိုးတွေမည်မျှ များပြား နေပါလိမ့် . . ။

ထိုအထဲမှာ အဆွေကိုယ်တိုင်ကောပါနေသလား . . . ။ ခရီးထွက်တော့မည့်အခိုက် တစ်ကိုယ်လုံးနက်နေသော ကြောင် တစ်ကောင်ကို မြင်လိုက်ရသည်နှင့် သွားရမည့်ခရီးကို ဖျက်ဖူး သလား . . . ။

သန်းပေါင်းရာချီသော လူတို့သည် ကြောင်နက်တစ်ကောင် မြင်ခြင်းကို ကံမကောင်းသည့် နေ့ရက်အဖြစ် ယုံကြည်စွဲလန်းလျက် ရှိသည်ကို မြင်တွေ့နေရသည်။ တိရစ္ဆာန်အပေါ် သဘာဝကဖန်ဆင်း ပေးထားသော အရောင်သည် ဘာကြောင့်များ လူကိုဒုက္ခပေးနိုင်မှာ ပါလိမ့် . . . တကယ်တော့ နှစ်ငယ်စဉ်က ဖတ်ဖူးသော ပုံဝတ္ထုများ တွင် ကြောင်နက်သည် စုန်းမကြီးများ ကိုယ်ရောင်ဖျောက်ထား သော သတ္တဝါအဖြစ် သိခဲ့ဖူးရသည်။ ယင်းအစွဲအလမ်းက လူ၏

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

စိတ်တွင် တစ်စထက်တစ်စ ယုံကြည်စွဲလမ်းစရာအကြောင်း အဖြစ်ကနေ နိမိတ်တစ်ခုအဖြစ်သို့ ဆိုက်ရောက်လာခဲ့တာပါပင် . . . တခြားသူမဆိုထားဘိ . . ကမ္ဘာကျော် ပြဇာတ်ဆရာကြီး ဝီလယမ်ရှိတ်စပီးယားပင်လျှင် သူ့ ပြဇာတ်တစ်ခုမှာ ကြောင်နက်မြင်သည့်နေ့အား ဒီကနေ့တော့ ဒုက္ခကြုံရတော့မယ်ထင်ပါရဲ့ဟု ရေးသားခဲ့ဖူးသေးသည်ကော။

အစွဲအလမ်းတိုင်းသည် သံလိုက်တစ်ခုနှယ် လူ့စိတ်အားဆွဲခေါ်လေ့ရှိသည် အမှန် . . . ဂလက်ဒီ၏ ဥပမာအတိုင်း သူအိပ်ရာက ထဖြစ်သောနေ့ကို အပျော်ကလေးနှလုံးသွင်း၍ လောကအား ပြုံးကာ နှုတ်ဆက်ပြီးကာမှ ဒရိုင်ဘာနှင့်တွေ့တော့မှ အားလုံး ပြိုကွဲခြင်းသို့ဆိုက်သည်။ (အနောက်နိုင်ငံမှ အယူအဆအတိုင်း) သောကြာဆိုသည်မှာ မကောင်းသောနေ့ . . . ၁၃ ရက်ဆိုသည်ကလည်း မကောင်းသောဂဏန်းတစ်ခုအဖြစ် ယုံကြည်စွဲလမ်းမှုတစ်ခုကြောင့် ကောင်းသောနေရာက ဆိုးသောအဖြစ်သို့ . . .။

တကယ်တော့ သောကြာနေ့ ဆိုသည်မှာ လူကိုဘာမျှဒုက္ခ မပေးပါ . . . ၁၃ ဂဏန်းဆိုသည်ကလည်း ဘာမျှကြောက်စရာ မရှိ . . . တချို့အဆောက်အဦးများအထပ် ၂၀ အထိ အမြင့်ဆောက်လုပ်ထားသော်လည်း ထိုအထဲမှာ 'အထပ် ၁၃' မပါဝင်တာ မြင်တွေ့နေရသေးသည်။ လေကြောင်းခရီးစဉ် လမ်းကြောင်းထဲမှ အချို့အချို့လေယာဉ်များ ၁၃ ရက်နေ့ကို ခရီးမထွက်ရသည့်နေ့

www.burmeseclassic.com



အဖြစ်သတ်မှတ်နေသည်ကိုပါတွေ့ရ၏ နယူးယောက်မြို့မှ Medical Center တစ်ခုတွင် စိတ်ဆရာဝန်များက '၁၃' ဂဏန်းကို ကြောက်စရာအဖြစ် ကောက်ချက်ချဖူးသည်။ သူတို့ တာဝန်ယူရမည်အထပ်သည် '၁၃' တွင်သွားကျရောက်နေ၍ သူတို့က ထိုအထပ်ကို '၁၃'အစား 'P' အထပ်ဟူ၍ ပြောင်းလဲသုံးနှုန်းလိုက်ကြသည်။

'၁၃' ဂဏန်း ဖြစ်နေလို့ကကော ဘာဖြစ်နိုင်ဦးမှာမို့လို့လဲ။ ဒီလိုပြောင်းလဲလိုက်ရုံနဲ့ကော အကြောင်းအရာက ပြောင်းလဲသွားမှာတဲ့လား. . .။

လန်ဒန်မြို့ရှိစားသောက်ဆိုင်ပိုင်ရှင်သည် သူ့အဖို့ကတော့'၁၃' ဂဏန်းက သူ့ကိုအပေးဆုံး ဂဏန်းဟုပြောဖူးသည်။ သူ့အရောင်းဆိုင်သည် အခွန်အမြတ်အသားတင် ဒေါ်လာ ၃၉၂,၀၀၀ ရဖူးသည်ဟု ကြွေးကြော်ဖူးသည်။

"ကျွန်တော်ရဲ့ လမ်းနံပါတ်ကော အိမ်နံပါတ်ပါ ၁၃ လေ။ ဆုမဲတစ်ခုကို ၁၃ ရက်နေ့မှာ စာတိုက်ကနေ ကတ်ပြားနဲ့ ထည့်ပို့ဖူးတယ်။ မဲပေါက်တဲ့ရက်အဖြစ် အကြောင်းကြားလာတဲ့နေ့ဟာ သောကြာနေ့ဖြစ်နေတယ်" ဟု သူကဆိုသည်။

ထိုလိုလူတွေအဖို့ သောကြာနှင့် ၁၃ဆိုသည်မှာ ကံမကောင်းခြင်းဟု မှတ်ယူ၍ ရနိုင်ပါမည်လား။

တချို့ ခရီးမထွက်ခင် မှန်တစ်ချပ် ကျကွဲ၏။ မှန်ကျကွဲခြင်း

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

အကြောင်းကြောင့် ကံမကောင်းသည့်နေ့ရက်အဖြစ် သတ်မှတ်၍ ထွက်ရမည့်ခရီးကို ဖျက်သိမ်းသင့်ပါမည်လား။ တချို့ '၇' ကို ကံမကောင်းသည့်ဂဏန်းဟု ပြောသူများလည်း ရှိနေသေးသည်။ အများက 'လပ်ကီးဆဲဗင်း' ကံကောင်းသည့် '၇'ဟုသတ်မှတ်ထား ပါလျက် ဘာ့ကြောင့် ကံမကောင်းရသနည်း။ ဒါကိုကြည့်က သူ့စိတ်နှင့်သူ့ကိုယ် သတ်မှတ်ချက်သာဖြစ်ကြောင်း သိနိုင်အပ်ပေသည်။

တချို့ကား ရုံးခန်းထဲဖြစ်စေ အိမ်ထဲမှာဖြစ်စေ ထီးအနက်ကို ဖွင့်မဆောင်းရဲ၊ အနက်ကိုမကောင်းသည့် အတိတ်နိမိတ်ဟု ယုံကြည်စွဲလမ်း၍ ဖွင့်ခြင်းကို မပြုလုပ်ရဲခြင်းပင်။ သို့ဖြစ်ပါက ဆံပင်နက်နေသူများသည် အမြဲပင်ကံမကောင်းသည့် အတိတ်နိမိတ်တစ်ခုကို ဦးခေါင်းထက် အမြဲပင်ရွက်ထားသည်ဟု ဆိုနိုင်ပါမည်လား။

ထိုယုံကြည်မှု အစွဲအလန်းကြောင့်ပင် 'အိပ်မက်တိတ္ထုံ'ကျမ်းများ 'အတိတ်နိမိတ်ဗေဒင်' ကျမ်းများ ပေါ်ထွက်လာရခြင်းပင်ဖြစ်ပါတော့သည်။ ဒီအထဲမှာ အချစ်ဗေဒင်များပါ ပါလိုက်သေးရဲ့။ တချို့သည် အကြောင်းကြောင်းကြောင့် လှေခါးတစ်ခုအောက်ကနေ ဖြတ်လျှောက်မိလိုက်၍ ကံကောင်းအောင်ဆိုကာ ပခုံးမှ ကျော်လျက် ဆားကိုလွှင့်ပစ်ခြင်းပြုကြသူများလည်း ရှိသေးသည်။ လှေကားအောက်က ဖြတ်လျှောက်မိတာကို ဆားတစ်ဆုပ်က ခြေဖျက်ပေးနိုင်ပါမည်တဲ့လား။

www.burmeseclassic.com



လောကဌ် ထိုအကြောင်းများကို မဟုတ်တမ်းတရားများ အဖြစ် သဘောထားနိုင်၍ ရယ်မောပစ်နိုင်သည့် စိတ်မွေးကြည့် လိုက်ကာ တွေ့ကြုံလာသမျှတို့သည် ပျော်စရာနှင့် မြူးစရာချည်း ဖြစ်လာရမည်မလွဲ။ ထိုသို့ မခံစားဘဲ လူတွေပြောသည့်အတိုင်းသာ တောက်လျှောက် ယုံကြည်စွဲလမ်းနေက စိတ်နောက်စရာအကြောင်း ချည်းသာ ရှိနေလိမ့်မည်ပင်။

နိမိတ်နှင့် ဆိုးရိပ်ကို ခံစားမိခြင်းအကြောင်းတိုင်း၌ အနာ ဂတ်ကို မြော်မြင်ရာ၌ ပူပန်ကြောက်လန့်၊ စိတ်ထားမိခြင်းများ များစွာ အခြေခံနေကြောင်း တွေ့နေရသည်။ စင်စစ် ကြောက်စရာ အကြောင်းဆိုသည်ကလည်း မျက်နှာဖုံးအမျိုးမျိုးကိုစွပ်၍ လူကိုလာ ရောက် ခြောက်လန့်ခြင်းရှိနေမြဲ။

ဘယ်သို့သော ကြောက်စရာအကြောင်းပေါ်လာစေ ကြောက် သင့်သည့်အကြောင်းလား၊ မကြောက်သင့်သည့် အကြောင်းလား ဆိုသည်ကို ခွဲခြားရမည်မှာ လူသားတိုင်း၏ တာဝန်ပင်ဖြစ်ပါ၏။

တစ်ခါတစ်ရံတွင် ကိုယ်အဖို့တကယ်ရှိလောက်သော ကြောက် စရာအကြောင်းကြီးတစ်ခုက သူများအတွက်ဘာမျှ မဟုတ်လောက် သည့်ကိစ္စဖြစ်နေလေ့ရှိသည်။ ယင်းမှာ မိမိ၏ စိတ်လှုပ်ရှားမှုနှင့် သွားရောက်ပေါင်းဖက်မိ၍ ဖြစ်နေခြင်းပင်။

လူတချို့ မိုးကိုကြောက်ကြသည်။ မိုးမိမှာစိုး၍ ထီးမိုးကာ ဦးထုပ်များနှင့် အစဉ်ကာကွယ်သည်။ တချို့ကား မိုးကိုမကြောက်။

www.burmeseclassic.com

**အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ**

မိုးကြောက်သူများသည် မိုးမိသည်နှင့် နှာစေး၊ အဖျားတက်။ တချို့ အဆုပ်အအေးပတ်ရသည်အထိပင် ဝေဒနာဆိုးရသည်။

ထိုအနက်က မိုးမကြောက်သူများမှာ ဘာလက္ခဏာမှ သိမ်း မသွားရသည်ကို တွေ့မြင်နေရသည်။ ယင်းသာဓကကို ကြည့်ပါက စိတ်လှုပ်ရှားပူပန်မှုအကြောင်းတိုင်းသည် လူကို အဘယ်မျှလျှင် ဒုက္ခ ပေးတတ်မှန်းသိနိုင်လောက်ပါသည်။

လူတိုင်းလူတိုင်းအဖို့ စိတ်လှုပ်ရှားခံစားမှုအကြောင်းသည် အရေးတကြီးရှိသည့် အခန်းကဏ္ဍမှ ဦးဆောင်နေသည်။ ကြောက် စိတ်ဆိုသည်တိုင်းမှာ စိတ်လှုပ်ရှားမှုအကြောင်းကတစ်ဆင့် လူကို ပူးကပ်လိုက်ခြင်းပါပင် . . ။

မိဘတိုင်းသည် မိမိ၏အုပ်ထိန်းမှုအောက်မှ သားသမီးများ . . . ကောင်းသောလမ်းကြောင်းပေါ် ရောက်မလာမည်ကို အစဉ် ပင် စိုးရိမ်နေကြသည်။ အပေါင်းအသင်းများကြောင့် လမ်းမှား ရောက်မည့်ပေါ် အမြဲပူပန်ကြသည်။ လင်မယားတို့သည် မိမိတို့ချင်း အချစ်လျော့နည်းသွားရမည်ကို ကြောက်ရွံ့ကြသည်။ ကျန်းမာရေး ပြဿနာ. . . ငွေရေးကြေးရေးပြဿနာ ပေါ်လာမည်ကို လန့်နေ စမြဲ. . . ထိုသို့ ပူပန်ကြောက်ရွံ့မှုတို့သည် တကယ်တမ်းတွင်တော့ ပြဿနာကိုပြေလည်အောင် ဖြေရှင်းပေးသွားရိုးမရှိ . . . ပြဿနာ ကို ပိုမိုရှုပ်ထွေးအောင်ချဉ်းကပ် သွားရစေသည်သာ ရှိလိမ့်မည် တည်း။

www.burmeseclassic.com



ကြောက်စိတ်သည် မိမိတို့ထံ စိတ်လှုပ်ရှားစရာ အကြောင်းကို ဖန်တီးပေးရင်း နည်းလမ်းအဖုံဖုံဖြင့် ရောက်လာလေ့ရှိနေသည်။ အကောင်းဘက်က မျှော်တွေးမှုနှင့်အတူ ပြင်ဆင်တားပေးမှုမရှိခဲ့ပါလျှင် ထိုကြောက်စိတ်က မိမိကို ပိုဖိထောင်းလေ့ရှိသည်ပင်။

ဘာကြောင့် ကြောက်စိတ်ကို မျှော်တွေး၍ အနာဂတ် ဆီးကြိုနေမလဲ . . . မိမိထံ ပျော်ပိုက်မှုကင်းသော လာခြင်းမျိုးဖြင့် ရောက်လာမည့် ဧည့်သည်ကို ကြည်ကြည်ဖြူဖြူဖြင့် လက်ခံဆီးကြို အပ်မည်လား. . . ။

မိမိတို့အား ဘဝတစ်လျှောက်လုံးစိတ်လှုပ်ရှားမှုကို အပြင်း အထန်စေစား၍ အမြဲအသည်းငယ်အောင် စေစားခဲ့သော အကြောက်တရားများအား နောက်ကြောင်းငဲ့စောင်း၍ လှည့်ကြည့်လျှင် ဘာမျှ မပြောလောက်သည့် ကိစ္စတွေသာဖြစ်နေသည်ကို တွေ့လိမ့်မည်သာတည်း။

အထက်က 'ဂလက်ဒီ'ဆိုသော မိန်းကလေး၏ သာဓကကဲ့သို့ အလား. . . လောကကြီးအပေါ် မြင်ကြည့်စဉ်က အရာခပ်သိမ်းသည် အကောင်းတိုင်းဖြစ်နေ၍ သီချင်းကလေး တအေးအေးတောင် ထားနိုင်ခဲ့ရသည်။ စိတ်ထဲမှာ အပျော်ရည်လူးသည့် လှုပ်ရှားမှု ကလေးပင် လူးလွန့်လှုပ်ခတ်ခဲ့ရသည်။ ပျော်သော စိတ်လှုပ်ရှားမှုကို ပေးနိုင်၍ပါပင်။ ဤသို့ရှိနေစဉ်မှ တစ်ခါကြောက်စရာဟု ယုံကြည်စွဲ လမ်းရသော စိတ်လှုပ်ရှားမှုက ကိုယ်ထဲဖောက်ဝင်လာ၍ အပျော်

www.burmeseclassic.com



စိတ်ပေါ်ဖြတ်သန်းသွားရသည်။ ထိုအချိန် အပျော်စိတ်ကပျောက်ပျက်သွား၍ ပူပန်ကြောက်စိတ်များက နေရာရသွားကြသည်။

ကြောက်စိတ်ကို ဘယ်သူစေစားလိုက်သနည်း။အပျော်စိတ်ကလေးပေါ်လာစဉ်ကကော ဘယ်သူဖန်ဆင်းခဲ့သနည်း။

စိတ်လှုပ်ရှားမှုတစ်ခုသည် လူတစ်ယောက်၏ နေ့စဉ်ဘဝတိုင်းအတွက် အလွန်တရာ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေမြဲရှိသည်ကို သိနိုင်ရမည် ဖြစ်ပါတော့သတည်း။ အကြောင်းတိုင်း၊ အကြောင်းတိုင်းသည် စိတ်လှုပ်ရှားမှု ပေတံမှ ဝေးကွာသွားသည်ဟူ၍ မရှိရိုး. . .။

စိတ်လှုပ်ရှားမှု 'လှေ' ကို 'ပဲ့ကိုင်' နိုင်သူသည် လိုရာခရီးကို တည့်မက်စွာ ဒုတ်ဒုတ်ထိ ရောက်ရှိရမှာမလွဲ. . .။

♦ ♦ ♦

www.burmeseclassic.com

## နိဂုံး

အသိဉာဏ်ပညာစွမ်းရည် လုပ်ငန်းကျွမ်းကျင်မှုစွမ်းရည်တို့သည် ကောင်းမွန်သည့် ကိုယ်ရည်ကိုယ်သွေး (ဥပဓိရုပ်ပိုင်း) တို့နှင့်ပေါင်းစပ်စည်းသားခြင်းမရှိပါက ထိရောက်သော အကျိုးကျေးဇူးရရှိမည်မဟုတ်ပြီ။

ထိုသော သာဓက အထောက်အထားများကို နေ့စဉ်ကြုံရသောကိစ္စတိုင်း၌ အခါမလပ်ပင် ပြလျက်ရှိသည်။

တစ်နေ့တာတိုင်းဆက်ဆံဆိုပြောလုပ်နေရသော လူများကြားမှာပင် မိမိတို့၏စိတ်နှင့် သဟဇာတဖြစ်သူများ ပါဝင်နေသလို. . . မတွေ့ချင်မမြင်သူများပါနေသည်မှာ လူတိုင်း၏ တကယ့်ကိုယ်တွေ့ပင် ဖြစ်သည်။ မိမိတို့ စိတ်သဘောနှင့်ကိုက်ညီသောလူများပေါ်မှာ မိမိတို့ဖက်က ငွေ၊ အချိန်၊ စွမ်းရည်များအားလုံး လိုလိုလားလားပင် ပေးဆပ်ဖို့ဝန်လေးလိမ့်မည်မဟုတ်၊ မိမိတို့နှင့် စိတ်ချင်းတိုက်

www.burmeseclassic.com



ဆိုင်မှုမရှိသူ အတွက်မူ တစ်ပြားတစ်ချပ် စွန့်လွှတ်လို့ပင် ဝန်လေးလိမ့်မည်အမှန်ပင်။

ဆွဲဆောင်နိုင်သော အကြောင်းတို့ကနေ 'အစွဲ' ဆိုသည်မှာ ပေါ်ပေါက်လာရသည်။ တချို့သည် ဒီဆိုင်ကိုယုံကြည်စိတ်ချသွားရလျှင် ဘာဝယ်ဝယ်အစွဲထား၍ ဝယ်ယူကြမြဲဖြစ်သည်။ တချို့ ပစ္စည်းတွေ ဘယ်လောက်ပင် ဆွဲဆောင်ထားထား ဝယ်သူ၏စိတ်မှာ ငြိငြင်မိပါက ထိုဆိုင်ဘက် ဘယ်သောအခါမှ ခြေဦးသမ်းတော့မည် မဟုတ်ချေ။

သည်သဘောသဘာဝကြောင့် တချို့ဈေးဆိုင်များ ဝယ်သူ လက်မလည်အောင်ရှိနေသည်ကို မြင်တွေ့နေရခြင်းဖြစ်သည်။ အလှပြင်ခန်းမများလည်း ထို့အတူပါပင်. . . ။

ကိုယ်ရည်ကိုယ်သွေးတို့၏ သဘာဝတွင် တချို့တွင် ဆွဲဆောင်အားရှိ၏။ တချို့တွင် တွန်းကန်ပယ်ရှားသည့်သဘောကိုပြနေသည်။ တစ်ဖက်သား၏စိတ်လှုပ်ရှားမှုအကြောင်းနှင့် နှီးနွှယ်နေသည့်သာပါဝင်၊ မိမိ၏ လှုပ်ရှားမှု၊ ပြောဆိုမှုတို့သည် တစ်ဖက်သား၏စိတ်နှင့် အမြဲမကင်းပြတ်နိုင်သည့် သဘောမျိုးတွေ။

အများတကာကိုဆွဲဆောင်နိုင်သော စွမ်းရည်သဘောဆောင် ယူနိုင်မှာသာပဲ သင်၏ကိုယ်ရည်ကိုယ်သွေးကောင်းမွန်နေသည်ဟု မှတ်ယူနိုင်ပါမည်။ ထိုကိုယ်ရည်ကိုယ်သွေးကြောင့် သင်၏အောင်မြင်မှုသဘောသည် ပို၍မြင့်မြတ်နိုင်ပါသည်။

www.burmeseclassic.com



မည်သို့ဆိုစေ

ထိုထိုသော စွမ်းပကားအရည်အသွေးများ လူတစ်ဦးချင်း၌ ရှိနေလျက် လေ့ကျက်ထိန်းသိမ်းနိုင်စွမ်းနှင့်ပြုလုပ်သွားပါက အမှန်မသွေရရှိနိုင်လာမည်ကို သိနိုင်လောက်ပြီဖြစ်သည်။ မိမိတို့ ဆက်သွယ်ရာ အကြောင်းတိုင်း၌ အသိတရားနှင့်ပေါင်းဖွဲ့နိုင်ခြင်းကပင် ထိုအသိတရားရှိနေကြောင်းပေါ်လွင်လျက် အရာခပ်သိမ်းကိုလည်း နိုင်နင်းနေမည်သာတည်း။

## ၁။ မေးခွန်းထုတ်ခြင်း

မိမိဖက်ကစကားစမဆိုမီ သူအလိုရှိတဲ့စကား ဟုတ်နိုင်၊ မဟုတ်နိုင် မိမိတို့ဖက်မှဦးစွာမေးခွန်းထုတ်ရခြင်းဖြစ်သည်။ စကားတစ်ခွန်းတိုင်းသည် အငြင်းပွားမှုနှင့် မဆက်စပ်ဖို့အရေးကြီးသည်။

လူတိုင်းလူတိုင်းသည် ပေါင်းသင်းကူးလူးမှုအမျိုးမျိုးတွင် ကျင်လည်နေရသောကြောင့် အငြင်းပွားမှုကင်းနိုင်သမျှ ကင်းနေမှသာ မိမိတို့၏ကိုယ်ရည်ကိုယ်သွေးတို့သည် ပိုမိုတောက်ပြောင်ထက်မြက်နိုင်မည်ဖြစ်သည်။

## ၂။ သူတို့ကြားလိုချင်တဲ့စကားပဲဆိုပါ

တစ်ဖက်သားကြိုက်နှစ်သက်နိုင်သော ပုံစံမျိုးကိုပြောတတ်၍ သူတို့ကြားလိုချင်သည့် စကားကိုသာ ရွေး၍ ပြောရခြင်းဖြစ်သည်။

www.burmeseclassic.com

## အချစ်ဘဝနှင့် ငွေကြေးဆိုင်ရာနည်းဗျူဟာများ

လူတိုင်းလူတိုင်းစကားတွေပြောဆိုနေကြသည်မှာ သူတို့ပြောချင်တာကို ပြောဆိုလို၍ ကြားလိုချင်တာကို ကြားလိုသောကြောင့်ဖြစ်ကြသည်။

### ၃။ ငါဆိုတဲ့ စကားသံကို တတ်နိုင်သမျှဖယ်ထုတ်ပေးပါ

သင့်ဆီက ပြောဆိုမှုကိုနားထောင်နေသူသည် သင်ပြောနေသည့် စကားလုံးတို့ထက်ပင်ပို အရေးကြီးသည်ကို မမေ့မိဖို့လိုသည်။

ကျွန်တော်. . ငါ. . ကျုပ်. . ကျွန်မ စသည်ဖြင့် စကားလုံးထပ်နေခြင်းသည် လူတစ်ဖက်သားကို ဆွဲဆောင်ရာတွင် အားနည်းနေသည်။ စိတ်လှုပ်ရှားမှုကို ဖမ်းစားနိုင်ဖို့မလွယ်. . .

"ကျွန်တော်နဲ့ ခင်ဗျားတို့တတွေ ဟိုရောက်တုန်းက" စသည်ဖြင့် သူ့ကိုပါအလေးထား၍ ထည့်သွင်းပြောဆိုတာမျိုး ဖြစ်ရမည်။ သည်ကဲ့သို့ 'ငါ'ဆိုတဲ့ အတ္တမပါသော စကားများနည်းပါးသွားမှသာပဲ သူ့ဆီက ကိုယ့်ဖက်ပါလာမှုကို အလွယ်တကူနှင့်ရလာနိုင်မည်ဖြစ်သည်။ သူနှင့်ကိုယ် ဆိုသော သဘောကိုဆောင်ရန် ပြောရမည်မျိုးပါပင်. . .။

### ၄။ နှိမ့်ချစရာရှိလျှင် ကိုယ့်ကိုကိုယ်ပဲနှိမ့်ချပါ

"ကျွန်တော် တော်နေတာတော့မပြောပါနဲ့တော့ဗျာ၊ ခြောက်တန်းမှာ ခြောက်နှစ်တောင်နေခဲ့ရပါတယ်ဗျ"

www.burmeseclassic.com



ထိုကဲ့သို့သော မိမိကိုယ်ကိုနှိမ့်ချသည့် စကားလုံးများပေါ်မှာ နားထောင်သူများက ကြိုက်နှစ်သက်ကြသည်။ လူတိုင်း လူတိုင်း ကိုယ်ညံ့ဖျင်းလျှင် ညံ့ဖျင်းသည့် အကြောင်းပြောနိုင်ရဲမှုသာလျှင် ပြောင်ကျသော သဘောရှိ၍ လူတွေကနှစ်ခြိုက်သည်၊ ဘာကြောင့်ဆို နားထောင်သူများအား ကိုယ့်ထက်သာနေသော သဘောဆောင်လိုက်နိုင်တဲ့အတွက်ပါပဲ. . .

လူတွေ၏သဘာဝမှာ မိမိကိုယ်ကိုအားကိုး အထင်ကြီးလိုချင်စိတ်သဘာဝ ပါနေကြသည်၊ တစ်ခါက မိန်းမသားတစ်ဦးသည် သူနှင့် ကျောင်းနေဖက် ကျောင်းသားအား အခြေအနေအရပ်ရပ်ကို ဘယ်ကဲ့သို့ ကိုင်တွယ်နေသလဲဟု အကြံဉာဏ်တောင်းလိုက်မိဖူးသောကြောင့် ထိုကျောင်းသားသည် မိန်းမသားအား အားကိုးမှုပေးချင်လာ၍ မေတ္တာမျှသွားကြောင်း သာဓက ရှိဖူးလေသည်။ ယင်းမှာ ထိုသူ၏ စိတ်လှုပ်ရှားမှုအာရုံကို မိန်းမသား၏စကားလုံးများက သွားရောက်ငြိတွယ်လိုက်သောကြောင့်ပါပင်။ ထိုကျောင်းသားသည် သူမထက်ပို တန်ဖိုးရှိကြောင်း ဖော်ပြလိုက်သည်နှင့် မခြားပါ။

ဒါကြောင့် မိမိကိုယ်ကိုပဲနှိမ့်ချပါ။ နားထောင်နေသူအားနှိမ့်မချပါနှင့်၊ သူသည် မိမိထက်ပိုလို့ အရေးကြီးနေသူပါပင်။

www.burmeseclassic.com



## ၅။ နားထောင်သူကို သင့်မျက်လုံးအောက်မှာပင် ပါရှိပါစေ

မိမိစကားအား နားစိုက်ထောင်နေသူအား တစ်ချက်တစ်ချက် မိမိ၏ မျက်လုံးနှင့် ကြည့်ပေးနိုင်ရမည်၊ သို့သော် ရိုင်းပျသော အကြည့်မျိုး မဖြစ်စေနှင့်။

သူတို့တတွေသည် ပြောနေသူအတွက် အရေးကြီးနေသည့် သဘောရှိသည်ကို သူတို့တတွေအား အသိပေးသင့်သည်။

နားထောင်သူက မိမိနှင့် မနီးမဝေးတွင်ဆိုပါက မိမိစကား ပြောဆိုသည့်အထဲတွင် နားထောင်သူ၏ နာမည်ကို ထည့်သွင်းပြော တတ်ရပါမည်။ နားထောင်နေသူတိုင်းသည် မိမိ၏ အမည်ခေါ်သံ အား နားဆင်ချင်နေသူများဖြစ်ကြသည်။ သူတို့နာမည်အား မမှတ်မိ နိုင်အောင် ဝေခွဲမရရှိနေပါက ရမ်းသမ်းမခေါ်ဘဲ. . .

"ဩော်. . . ခင်ဗျားပါလား၊ ကိုယ့်ဆရာပါလား"

စသည်ဖြင့် အမည်မပါသည့် နာမ်စားကို သုံးစွဲရပါမည်။

နားထောင်နေသည့်သူတိုင်းအား စိတ်လှုပ်ရှားမှုကို ဆွဲဆောင် နိုင်သော စကားလုံးများဖြင့်သာ ဖျော်ဖြေနိုင်ရပါမည်။

## ၆။ လူတိုင်းအပေါ် တစ်သမတ်တည်း မထားပါနှင့်

လူလေးယောက် အကြားတွင် သင်ထုတ်လိုက်သော ပြက်လုံး က တစ်ယောက်အဖို့ ကိုယ်သိမ့်သိမ့်ခါမတတ် ရယ်စရာဖြစ်နေမည်။ နောက်တစ်ဦးအတွက် အိန္ဒြေရသော ရယ်စရာဖြစ်မည်။ ကျန်သူ

www.burmeseclassic.com



အတွက်က ပြုံးစရာနှင့် အရှက်ကိုထိန်းထားစရာဖြစ်နေမည်။ ဒါဘာကြောင့်လဲ။ ရှင်းပါသည်။ စိတ်လှုပ်ရှားမှုအခြေခံချင်း ကွာခြားနေသောကြောင့်ပင် ဖြစ်ပါသည်။

သည်အတွက် မရယ်ရကောင်းလားဟု မရယ်သူတွေအပေါ် အပြစ်မထားရှိသင့်ပြီ။ ဝတ္ထုတစ်ပုဒ်မှာလည်း ဤအတိုင်းပင်၊ တချို့က ကြိုက်သည်။ တချို့ကမကြိုက်၊ ဒါကို မကြိုက်ရကောင်းလားဟု မိမိဘက်က စိတ်မခုသင့်။

နားထောင်သူသည် တစ်ခါတစ်ရံ မိမိထက်ပို၍ ဉာဏ်အရာသာလွန်ထက်မြက်နေတတ်၏။ ထို့ကြောင့် လူတိုင်းအပေါ် လျှော့မတွက်သင့်ပြီ။

၇။ များများပြုံးပါ

လူတစ်ယောက်၏စိတ်လှုပ်ရှားမှုနှင့် ခပ်မြန်မြန်တွယ်ငြိချင်ပါသလား။ လွယ်ပါသည်။ အပြုံးနှင့် စတင်လိုက်ပါ။

အပြုံးဆိုသည်မှာ တိတ်ဆိတ်စွာနှင့်အတူ စိတ်သက်သာမှုပေးနေသော အရာတစ်ခုဖြစ်သည်။ စကားလုံးမပါဝင်ဘဲ လူများတကာအား ဖိတ်ခေါ်နိုင်သော စွမ်းအားသတ္တိရှိနေသည်။

လူတစ်ဦးတစ်ယောက်အား လုံးဝမနှိပ်ကွပ်ပါဘဲနှင့် အငြင်းပွားမှုကို အပြုံးက ဆက်ဆံကူးလူးမှုအကြောင်းတိုင်း၌ ခရီးပိုရောက်မှုပေးနိုင်သည်။

www.burmeseclassic.com



များများပြုံးပါ၊ စိတ်လှုပ်ရှားမှုကို စေစားရာအကြောင်းများ၌ အပြုံးသည် တန်ဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိလှတော့သည်။

## ၈။ စိတ်လှုပ်ရှားမှုကို အနားပေးရခြင်း

ကောင်းသောကျန်းမာမှု၊ ကျန်းမာမှုအတွက် အကျင့်ကောင်း မွေးမြူမှုတို့အတွက် ဆေးဝါးကို အကူအညီယူရသော်လည်း၊ ကောင်းစွာသော ဖြေလျှော့အနားယူမှု မပါဝင်က ထိရောက်သော အင်အားအရာကို ရရှိမည်မဟုတ်ပါ။ ကောင်းမွန်သော ကျန်းမာမှုသဘောကို ရေရှည်စွာ တောင့်ခံနိုင်ဖို့ရာ မှန်ကန်သော အနားယူမှုနှင့် တွဲဖက်ပေးရပါသည်။

အနားယူဖြေလျှော့ခြင်းသည် စိတ်လှုပ်ရှားမှုအကြောင်းတို့နှင့်ပါ အဆက်အစပ်ရှိနေပြန်၏။ ကာယလှုပ်ရှားမှု၊ မနောလှုပ်ရှားမှုတို့သည် လူတိုင်း၌ မတူညီကွဲပြားသော ပုံသဏ္ဌာန်နှင့်ပင် ရှိနေကြ၍ ထိုအရာတို့အား နားနေဖြေလျှော့မှုနှင့် အဆုံးသတ်ပေးရပါမည်။

လူတိုင်းသည် နားနေဖြေလျှော့ခြင်း၏ အကျိုးနှင့် နည်းလမ်းတို့အား မသိကြပြီ။

ထိုအရာကား မိမိကိုယ်နှင့်သာဆိုင်သည်။ မိမိစိတ်နှင့်သာဆိုင်သည်။ ရေရှည်စွာဖြေလျှော့နားနေမှုနှင့်သာဆိုင်သည်။

ထိုသည်မှာ စိတ်၏အလေ့အကျင့်ပိုင်းအကြောင်းပါပင်။ အမြဲတန်း အေးအေးသက်သာ နေထိုင်ခြင်း၏ အကျိုးကျေးဇူးကို သိသူ

www.burmeseclassic.com



တို့၏ အကျင့်ပိုင်းဆိုင်ရာ အကြောင်းပါပင်။

နားနေ ဖြေလျှော့မှုပေါ် အောင်မြင်နိုင်သူတို့သည် မိမိ၏ အတွင်းစိတ်ပိုင်းဆိုင်ရာအပေါ် ကူးလူးကိုင်တွယ်နိုင်ကြသူများဖြစ်ကြသည်။ စိတ်စောမှုပေါ်ပါ ဖြိုခွဲနိုင်၍ လှုပ်ရှားမှုအားလုံးတို့၌ စိတ်လှုပ်ရှားမှုကင်းစွာ အင်အားရှိရှိဆောင်ရွက်နိုင်လာပေမည်။

စိတ်စောသော အကြောင်းတိုင်းသည် စိတ်ကို တည်ငြိမ်အောင် မစေစားနိုင်။

သို့မို့ကြောင့် အလုပ်တစ်ခုလုပ်လျှင် တစ်ခုအပေါ်မှာသာ စိတ်အာရုံသွင်း၍ ဖြည်းဆေးတည်ငြိမ်စွာ လုပ်ကိုင်နိုင်ရပါမည်။

အိပ်ရာမှာဖြစ်စေ၊ လုပ်ကိုင်ရာမှာဖြစ်စေ၊ ကစားရာမှာဖြစ်စေ စိတ်လှုပ်ရှားမှုကင်းစင်စွာနှင့်ပင် ပြုလုပ်တတ်သည့် အကျင့်နှင့် ဒွန်တွဲပေးရမည်။

နေ့စဉ် ဆုံနေမြဲဖြစ်သော စိတ်လှုပ်ရှားမှုတိုင်းအား ဖြေလျှော့မှုနှင့်သာ ချုပ်ကိုင်နိုင်ဖို့ အရေးကြီးနေသည်။

ဘယ်အခါ ဘယ်အကြောင်းပင် ပေါ်ပါစေ။ စိတ်မလှုပ်ရှားမိပါစေနှင့်။

သန်းမြင့်ဦး



BURMESE CLASSIC .com

www.burmeseclassic.com



# အချစ်ဘဝ နှင့် ငွေကြေးဆိုင်ရာ နည်းဗျူဟာများ

သန်းမြင့်ဦး

THE MAGIC POWER OF EMOTION APPEAL

by ROY GARN